မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၂)

သခင်(အလုပ်ရှင်)ကျင့်ဝတ် ငါးပါး

မြတ်စွာဘုရားသည် သိင်္ဂါလောဝါဒသုတ္တန်တွင် လောကီ လောကုတ္တရာ အကျိုးစီးပွားနှစ်ဖြာ ဖြစ်ထွန်းစေရန်အတွက် အလုပ်ရှင် အလုပ်သမား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လိုက်နာထိန်းသိမ်းကြရမည့် ကျင့်ဝတ်များကို အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

– အလုပ်ရှင်သည် မိမိ၏အလုပ်သမားတပည့်သားများအား ခွန်အားအလျောက်သာ အလုပ်ကိုခိုင်းစေခြင်း၊

စာမျက်နှာ ၆ ကော်လံ ၄

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ ဧည့်ခံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

NLD ဟာ ပြည်သူ့ကိုယ်စားပြု ပြည်သူ့ပါတီဖြစ်မလာဘဲ ပြည်သူဆန့်ကျင်ရေး၊ ပြည်သူ ဒုက္ခရောက်ရေးအတွက် အနောက်နှင့် အပေးအယူလုပ်ကာ ဒုက္ခပေးနေတာကိုပဲတွေ့ရပါတယ်။ မိမိတို့အာဏာရ အမေရိကန်ရဲ့ ဩဇာကိုနာခံ၊ ဒေသတွင်းမှာ ပြဿနာဖန်တီးရေးကိုသာ ရှေးရှုနေကြောင်း ၎င်းတို့ရဲ့လုပ်ရပ်များက သက်သေခံနေ။

ဦးပြေကျော်၏
ဒိုင်ယာလော့ခ်အစစ်နဲ့ ဒိုင်ယာလော့ခ်အတု အယောင်တို့ရဲ့သရုပ်သကန် (စာ – ၈နှင့်၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျွန်ုပ်တို့ အဖွဲ့အစည်းနှင့်တကွ ပြည်သူများ လက်တွေ့ခံစားနေရသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုရာရောက်ကြောင်း ထင်ရှား။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၏ သဘောထားထုတ်ပြန်ကြေညာချက်

(သတင်းအကျယ် စာ – ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ရေလှောင်တမံများ တည်တံ့ကြံ့ခိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း

မကွေးတိုင်း ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်မှ ဆည်ငယ်ပေါင်း ၇၁ ခုပါဝင်သည့် ဆည်အစုအဖွဲ့ကို ပခုက္ကူခရိုင် မြို့နယ် ငါးမြို့နယ်တွင် တည်ဆောက်ပေးလျက်ရှိသည်။

မိုးနည်းရေရှားသည့် ဤအရပ်ဒေသကို ဒေသစိမ်းလန်းစိုပြည်စေပြီး ဒေသဝမ်းစာစပါးစိုက်ပျိုးနိုင်ရေး၊ ကျေးရွာများ သောက်သုံးရေ ရရှိရေးတို့အတွက် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မြေခဲတောင် ရေလှောင်တမံကို စက်တင်ဘာလ ၂၆ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ယင်းရေလှောင်တမံကို မြေခဲတောင် ရိုးချောင်းကိုပိတ်ပြီး ရေဧကပေ ၂၈၈၀ သိုလှောင်နိုင်အောင် တည်ဆောက်ထားသည်။ တမံအမြင့် ၄၄ ပေနှင့် တမံအလျားပေ ၁၃၀၀ ရှိသည်။ နိုင်ငံတော်က ငွေကျပ် ၁၀၂ သန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြေခဲတောင် ရေလှောင်တမံသည် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံနှင့်အဝန်း အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ၁၈၉ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်သကဲ့သို့ မကွေးတိုင်း အတွက်လည်း ၃၂ ခုမြောက် ရေလှောင်တမံဖြစ်သည်။

ယခုနှစ်မိုးရာသီတွင် မကွေးတိုင်း တစ်တိုင်းလုံးအနေဖြင့် မိုးစပါးစိုက်ဧက ၉၂၅၀၀၀ ခန့်ရရှိအောင် ရည်မှန်းထားပြီး နွေစပါးဧက၁၆၀၀၀၀ကျော်နှင့်ပေါင်းလျှင် ဆန်ဖူလုံမှု ၁၂၅ရာခိုင်နှုန်းခန့် ရရှိရန်ကြိုးပမ်းဆောင်ရွက်နေသည်။ ပခုက္ကူခရိုင်အနေဖြင့် မိုးစပါးစိုက်ဧက ၁၂၈၅၈၆ ဧကနှင့် နွေစပါးစိုက်ဧက ၂၀၀၀၀ ကျော် စုစုပေါင်းဧက ၁၄၀၀၀၀ ကျော်စိုက်ပြီး ဆန်ဖူလုံမှု ၅၄ ရာခိုင်နှုန်းအထိရရှိရန် မျှော်မှန်းဆောင်ရွက်လျက် ရှိသည်။

ထို့ကြောင့် ပခုက္ကူဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်၊ ကန်ငယ်များတည်ဆောက်ခြင်း၊ ရေရရှိရေးနည်းလမ်းများ တီထွင်ဖော်ထုတ်ခြင်း လုပ်ငန်းပေါင်း၇၁ခု ရည်မှန်းဆောင်ရွက်လျက်ရှိရာ မြေခဲတောင်ဆည်အပါအဝင် လုပ်ငန်း ၅၀ အပြီးသတ်နိုင်ခဲ့ပြီး အကျိုးပြု စပါးစိုက်ဧက ၅၀၀၀ခန့်ကိုလည်း ယာမှ လယ်ပြောင်းပြီး စပါးစိုက်ပျိုးနိုင်လာပြီ ဖြစ်သည်။ ယင်းဆည်အစုအဖွဲ့အားလုံး တည်ဆောက်ပြီးသွားပါက ဆည်ရေသောက် ဧရိယာဧက၈၆၃၀ ရရှိမည်ဖြစ်သည်။

ထိုနည်းတူစွာပင် နိုင်ငံတော်မှ ပခုက္ကူခရိုင်အတွင်း၌ မြစ်ရေတင်စီမံကိန်းပေါင်း ၁၃ခု စုစုပေါင်းဧက သုံးသောင်းငါးထောင်ခန့် စိုက်ပျိုးရေ ပေးဝေနိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည်။

ဒေသခံတောင်သူများသည် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး မိမိဒေသအတွင်း အကျိုးပြုသည့် ရေလှောင်တမံများ တည်တံ့ကြံ့ခိုင်ရေး၊ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်ရေး၊ ရေပေးဝေသည့် မြောင်းစနစ်များ မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို စက်တင်ဘာ ၂၆ရက်က ကျိုင်းတုံမြို့ရှိ ပြည်နယ်စည်ပင်သာယာရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ် (အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ သိပ္ပံဘာသာတွဲ ပထမရရှိသူတစ်ဦး၊ ဝိဇ္ဇာဘာသာတွဲပထမရရှိသူနှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ခုနစ်ဦး၊ ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် ဘက်စုံပညာထူးချွန်ဆုရရှိသူလေးဦးတို့အားဆုများ ချီးမြှင့်ခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့တက်ရောက်မည့်ကိုယ်စားလှယ်များအတွက် ချီးမြှင့်ငွေပေးအပ်ခြင်းကို တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

အစီရင်ခံစာဖတ်ကြား

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်အသင်းအလုပ်အမှုဆောင်အဖွဲ့က တစ်နှစ်တာ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့များက အကြံပြုဆွေးနွေးကြသည်။ သဘာပတိအဖွဲ့ကအကြံပြုချက်စာတမ်းများကို ပြန်လည် ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ချမှတ်ဆောင်ရွက်

အစည်းအဝေးတွင် ဆုံးဖြတ်ချက်တစ်ရပ်၊ အတည်ပြုချက် တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို ချမှတ်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးစိမ်ခြင်ထောင်နှင့် အလှူငွေပေးအပ်
ငှက်ဖျားရောဂါနှိမ်နင်းရေး ပညာပေးဟောပြော
အမျိုးသမီးရေးရာအဖွဲ့ဝင်များ စကားဝိုင်းဖွဲ့ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းပွဲနှင့် ငှက်ဖျားရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ဖောင်ကြီးအရှေ့ကျေးရွာရှိ အိမ်ထောင်စု ၃၆စုတို့အတွက် ဆေးစိမ်ခြင်ထောင်များကို ကျေးရွာရပ်မိရပ်ဖများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အတူ အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်မျိုးစုံ ၂၁၀နှင့် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀တို့ကို ကျောင်းအုပ်ကြီး ဦးတင်အေးသို့ လည်းကောင်း ပေးအပ်ကြသည်။

ပညာပေးဟောပြော

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနက ဖောင်ကြီးအရှေ့ကျေးရွာရှိ အိမ်ထောင်စုများ ငှက်ဖျားရောဂါကင်းစင်ရေး အတွက် ခြင်ထောင်များ ဆေးစိမ်ပေးနေမှုကို လည်းကောင်း၊ ငှက်ဖျားရောဂါရှိ၊ မရှိ စစ်ဆေးကုသပေးနေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

စကားဝိုင်းဖွဲ့ဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖောင်ကြီးအရှေ့ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသမီးရေးရာနှင့် ပတ်သက်၍ စကားဝိုင်းများဖွဲ့ကာ ဆွေးနွေးကြသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀-၉-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော်ဦးဃောသိတ တရားတော်
၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ
၁၁။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ဂုဏ်ပြုဇာတ်လမ်း**
-ဇာမဏီမော်ကွန်း

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း
"သက်တော်စောင့်ရဲ့ သတို့သမီး"
မင်းမော်ကွန်းနှင့် နန္ဒာလှိုင်
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညနေပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"လွမ်းမပြေ" (အပိုင်း-၄)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ**
-လယ်တီဆရာတော်ကြီး၏ ဝါဆိုစဉ်အရပ်ဒေသများ
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း**
-စိတ်၏စေရာ(၁၀၂)

မြန်မာနိုင်ငံတွင် ဘာသာရေးအကြောင်းပြချက်ဖြင့် ခွဲခြားဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများမရှိ ဘာသာဝင်များ သဟဇာတရှိခြင်းသည် မြန်မာ့လူမှုစရိုက်လက္ခဏာအဖြစ် အများကအသိအမှတ်ပြု

မြန်မာနိုင်ငံ၌ အဓိကဘာသာများအကြား ပြဿနာကြီးကြီးမားမား တစ်စုံတစ်ရာမရှိဘဲ နိုင်ငံတော်အစိုးရအနေဖြင့် ခွဲခြားဖိနှိပ်မှုမရှိသည့်အပြင် တူညီသော ထောက်ပံ့မှုများပေးထားသဖြင့် ဘာသာဝင်များအားလုံး အေးအတူပူအမျှ လက်ရည်တစ်ပြင်တည်းနေထိုင်လျက်ရှိပုံကို ဖော်ပြသည့် မြင်ကွင်းတစ်ခုအား ဤသို့ တွေ့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ သက်ဝင်ယုံကြည်မှုအတိုင်း ကိုးကွယ်ခွင့်ရှိသည်ကို မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များ ကိုယ်တွေ့မျက်မြင် သိရှိသွားခဲ့သည်ကို ဤသို့ တွေ့ရမည်ဖြစ်သည်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒီမိုကရေစီလူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရိုမှ ၁၅–၉–၂၀၀၆ ရက်က ထုတ်ပြန်ခဲ့သော "၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ"သည် ဘာသာရေးကဏ္ဍတွင်လည်း မြန်မာအစိုးရ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် စွပ်စွဲချက်များဖြင့် ထွက်ပေါ်လာပါသည်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို မျက်ကွယ်ပြုကာ ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်သည့် "အထူးစိုးရိမ်ရသောနိုင်ငံ"အဖြစ် မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ယင်းအစီရင်ခံစာသည် တိကျမှန်ကန်မှုမရှိသည့်အပြင် မြန်မာပြည်သူများအကြား ကိုးကွယ်သည့်ဘာသာ ကွဲပြားမှုရှိသော်လည်း အချင်းချင်းနားလည်ရိုင်းပင်း၍ သဟဇာတရှိကြစေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့်လည်း ဆန့်ကျင်ဖီလာဖြစ်နေပါသည်။

အစီရင်ခံစာပါ စွပ်စွဲချက်များသည် မြန်မာနိုင်ငံအား ကမ္ဘာပေါ်တွင် သာယာချမ်းမြေ့ဖွယ်မဟုတ်သော နိုင်ငံအသွင် ရှုမြင်စေလိုသည့် အချို့သောဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများတို့၏ အခြေအမြစ်မရှိသည့် ပြောကြားချက်၊ အစီရင်ခံစာတို့မှ ကိုးကားရယူထားခြင်းဖြစ်ကြောင်း စိတ်ပျက်ဖွယ်ရာ တွေ့ရှိရပါသည်။ ၎င်းတို့၏ ဖျက်လိုဖျက်ဆီး လုပ်လိုသည့် သဘောထား၊ လက်တွေ့မကျသော မျှော်လင့်ချက်များနှင့် တာဝန်မဲ့သော လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံအား ကမောက်ကမဖြစ်နေသည့်နိုင်ငံဟု ထင်မြင်စေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ရှိပြီး အစိုးရအနေဖြင့် ဘာသာမတူ သက်ဝင်ယုံကြည်သူများ သဟဇာတဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် ဘာသာရေးဆိုင်ရာကိစ္စများတွင် အားနည်းသည်ဟုထင်မှတ်ကာ အစိုးရသည် ဘာသာရေးလုပ်ငန်းများကို ကန့်သတ်တားမြစ်သည်၊ ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်သည်ဟု စွပ်စွဲပါက မှားယွင်းပေလိမ့်မည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်၊ မူဆလင်နှင့် ဟိန္ဒူဘာသာဝင်များသည် အများစုဖြစ်သော ဗုဒ္ဓဘာသာဝင်များရရှိသည့် ဘာသာရေးဆိုင်ရာပွဲတော်များ ကျင်းပခွင့်၊ ဘာသာရေးဆိုင်ရာ စာအုပ်နှင့် ပြက္ခဒိန်များ ထုတ်ဝေခွင့်များကို ညီတူမျှတူ ရရှိပါသည်။ ပြည်တွင်း၌ သက်ဝင်ယုံကြည်မှုအတိုင်း ကိုးကွယ်ခွင့်၊ ဆောင်ရွက်ခွင့် ရရှိသကဲ့သို့ ပြည်ပတွင် သက်ဆိုင်ရာဘာသာရေးအခမ်းအနားများ တက်ရောက်ခြင်း၊ ဘုရားဖူးသွားခြင်းတို့ကိုလည်း ခွင့်ပြုထားပါသည်။ အဓိကဘာသာများအကြား ပြဿနာကြီးကြီးမားမား တစ်စုံတစ်ရာမရှိဘဲ နိုင်ငံတော်အစိုးရအနေဖြင့် ခွဲခြားဖိနှိပ်မှုမရှိသည့်အပြင် တူညီသော ထောက်ပံ့မှုများပေးထားသဖြင့် ဘာသာဝင်များအားလုံး အေးအတူပူအမျှ လက်ရည်တစ်ပြင်တည်း နေထိုင်လျက်ရှိပါသည်။

အစီရင်ခံစာတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ကိုးကွယ်သည့်ဘာသာ ပြောင်းလဲစေရန် အတင်းအကျပ် ဆောင်ရွက်ခြင်းများ မရှိကြောင်းနှင့် ဗုဒ္ဓဘာသာအား နိုင်ငံတော် ဘာသာအဖြစ် သတ်မှတ်ထားခြင်း မရှိကြောင်းကိုမူ မှန်ကန်စွာဖော်ပြ အသိအမှတ်ပြုထားပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် ဘာသာဝင်များအကြား သဟဇာတရှိခြင်းသည် မြန်မာ့လူမှုစရိုက်လက္ခဏာအဖြစ် အများက အသိအမှတ်ပြု လက်ခံထားကြပါသည်။ ဘာသာရေးအကြောင်းပြချက်ဖြင့် ခွဲခြားဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများလည်း မရှိပါ။

အစီရင်ခံစာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များအား ပြည်ပရှိ ဘာသာတူအဖွဲ့အစည်းများနှင့် အဆက်အသွယ်ထူထောင်ခွင့်နှင့် ဘာသာရေးရည်ရွယ်ချက်ဖြင့် နိုင်ငံရပ်ခြားသို့ ခရီးသွားလာခွင့်ပြုထားကြောင်းကိုလည်း အသိအမှတ်ပြု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ အဓိကဘာသာကြီးလေးခုမှ ခေါင်းဆောင်ကြီးများအား ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဘာသာဝင်အားလုံး၏ အစည်းအဝေးသို့ တက်ရောက်ခွင့်ပြုခဲ့ပါသည်။

ဘာသာရေးသည် မျက်မှောက် နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင် သိမ်မွေ့နက်နဲပြီး ပြဿနာဖြစ်လွယ်သော ကိစ္စရပ်ဖြစ်သည်မှာ ငြင်းဆိုနိုင်ဖွယ်မရှိသော အချက်ဖြစ်ပါသည်။ မြန်မာအစိုးရအနေဖြင့် အဆိုပါအစီရင်ခံစာပါ စွပ်စွဲချက်များသည် တရားမျှတမှုမရှိဘဲ နိုင်ငံအပေါ် ဖိအားပေးရန်နှင့် နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်သည့် နိုင်ငံရေးကစားကွက်တစ်ခုသာဖြစ်သည်ဟု ခံယူပါသည်။

ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေအမြစ်မရှိသော အချက်အလက်များအပေါ် အခြေခံကာ သတ်မှတ်ဆုံးဖြတ်ထားသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရိုမှ ထုတ်ပြန်ခဲ့သည့် "၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ"ကို လုံးဝ ပယ်ချပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်။

ကထိန်အလှူမင်္ဂလာ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၉

တာမွေကြီး က–ဂ ရပ်ကွက် ၁၅၄ လမ်းရှိ မင်္ဂလာဇေယျုံ (ပရိယတ္တိ) စာသင်တိုက်၌ ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသ အမှူးပြုသော စာချ စာသင် သံဃာတော်အရှင်သူမြတ်အပါး ၁၅၀ ကျော်တို့အား တန်ဆောင်မုန်းလဆန်း ၁၅ ရက် နိုဝင်ဘာ ၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စုပေါင်းကထိန်လျာသင်္ကန်း ဆက်ကပ်မည်ဖြစ်ရာ ဖုန်း–၅၄၅၅၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကိုးထပ်ကြီးဘုရား မဟာနဝင်္ဂအလှူတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်း၏ (၂၄)ကြိမ်မြောက် ဝါတွင်းအဓိဋ္ဌာန်အောင်ပွဲ မဟာနဝင်္ဂ အလှူတော်ကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်ရာ လပြည့်နေ့အရုဏ်တွင် လယ်တီမဟာ သရဏဂုံတော်ကြီး ဓမ္မပူဇာကို ရွတ်ဖတ်ပူဇော်ကာ ဘုရားရှင်အား ရွှေသင်္ကန်း၊ ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်းများဆက်ကပ်ပြီး ဧည့်ပရိသတ်များအား သက်လွတ် စတုဒိသာဖြင့် ကျွေးမွေးမည်ဖြစ်သည်။

မဟာနဝင်္ဂအလှူတော်တွင် အပါအဝင်ဖြစ်သော သံဃာ့ပူဇာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကိုးထပ်ကြီးဘုရား ဂန္ဓကုဋိတန်ဆောင်းတော်ကြီးအတွင်း၌ ဗားကရာတိုက်ကျောင်းပေါင်း ၃၈ ကျောင်းမှ သံဃာတော်အပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ အလှူရှင်များသည် ဦးသန်းတင် ဖုန်း– ၃၈၉၅၈၃၊ ဒေါ်နီ ဖုန်း– ၅၃၇၈၂၅၊ ဒေါ်မြင့်မြင့်မော် ဖုန်း– ၅၁၂၇၂၂တို့ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အသံမစဲပဋ္ဌာန်းပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူ ကျောင်းတွင် (သီတင်းကျွတ်လဆန်း ၁၀ ရက်) အောက်တိုဘာ ၁ ရက် (တနင်္ဂနွေနေ့) မှ (သီတင်းကျွတ်လဆန်း ၁၄ ရက်) အောက်တိုဘာ ၅ ရက် (ကြာသပတေးနေ့)အထိ ငါးရက်တိုင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဦးဆောင်ပြီး အသံမစဲ ပဋ္ဌာန်းတရားနာကြားမည်ဖြစ်ရာ မည်သူမဆို လာရောက်နာကြားနိုင်ကြောင်း သိရသည်။ **(က–ပ)**

အမျိုးသားရေးဆောင်ပုဒ်ပြိုင်ပွဲ စာမူများ အချိန်မီပေးပို့ရန် နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ စက်တင်ဘာ ၃၀ ရက်ဖြစ်၍ အချိန်မီ ပေးပို့ကြရန် နောက်ဆုံးအကြိမ် ထပ်မံနှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင် ထုတ်ပြန်ထားသည့်အတိုင်းဖြစ်သည်။

ပေးပို့နိုင်

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြည်လမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန်ချိန်တစ်သန်းကျော်တင်နိုင်သည့် ရေနံတင်သင်္ဘောသစ်လေးစင်း ကူဝိတ်နိုင်ငံ တည်ဆောက်ရန် စီစဉ်

ကူဝိတ်စီးတီး စက်တင်ဘာ ၂၉

ရေနံတန်ချိန် ၁၃သမ၂သန်း တင်ဆောင်နိုင်သော ရေနံတင်သင်္ဘောသစ် လေးစင်းတည်ဆောက်ရန် ကူဝိတ်ရေနံတင် သင်္ဘောကုမ္ပဏီ(ကေအိုတီစီ)က စီစဉ်နေကြောင်း ကူဝိတ်သတင်းဌာနက စက်တင်ဘာ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

ကုန်ကျမည်

ရေနံတင်သင်္ဘောများ အားလုံးကို နောက်ဆုံးပေါ် နည်းစနစ်များဖြင့် အသုံးပြု တည်ဆောက်သွားမည်ဖြစ်ရာ သင်္ဘောတစ်စင်းလျှင် အမေရိကန်ဒေါ်လာသန်း ၁၂၀မှ ၁၃၀အထိ ကုန်ကျမည်ဖြစ်ကြောင်း၊ ယခင်က ရေနံတင်သင်္ဘောတစ်စင်းမှာ အမေရိကန်ဒေါ်လာသန်း ၁၀၀ခန့်သာ ကုန်ကျကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ကုန်ကျမှုမြင့်မား

ကမ္ဘာ့ရေကြောင်းသွားလာရေးတွင် ခေတ်မီသင်္ဘော တည်ဆောက်ရေး၌ ငွေကြေးကုန်ကျမှုများ မြင့်မားမည်ဟု ကေအိုတီစီဥက္ကဋ္ဌ အဗ္ဗဒူလာအယ်ရှိမိက ပြောကြားသည်။

တင်ဒါခေါ်ယူမည်

လာမည့် လအနည်းငယ်တွင် ရေနံတင်သင်္ဘောများ တည်ဆောက်ရေးစီမံကိန်းအတွက် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း အဗ္ဗဒူလာအယ်ရှိမိက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နှင့် အာဖဂန်ရှိ ကန်တပ်ဖွဲ့ဝင်များ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုဖြစ်နေ

ဝါရှင်တန် စက်တင်ဘာ ၂၉

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် စိတ်ဖိစီးမှု၊ တပ်ဖွဲ့ဝင်အင်အား လျော့နည်းလာမှု၊ စစ်လက်နက်ပစ္စည်း အထောက်အပံ့များ ကျဆင်းမှုနှင့် ငွေကြေးအခက်အခဲများကြောင့် တင်းမာမှု လက္ခဏာများ ပြသလာသည်ကို တွေ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ထမ်းဆောင်

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်စစ်ပွဲတွင် သုံးနှစ်ခွဲကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ အာဖဂန်နစ္စတန်တွင်လည်း ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

လျော့နည်း

ယခုအခါ အီရတ်တွင် ယခင်က တပ်ဖွဲ့ဝင် ၁၄၂၀၀၀ရှိရာမှ ၁၀၂၀၀၀ သာရှိတော့သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင်လည်း မူလက တပ်ဖွဲ့ဝင် ၂၁၀၀၀ရှိရာမှ ၁၆၀၀၀သာရှိတော့သဖြင့် အင်အားလျော့နည်းလာကြောင်း သိရသည်။

ကြုံတွေ့နေ

အမေရိကန်တပ်ဖွဲ့ဝင် အများစုမှာ နှစ်ကြိမ်၊ သုံးကြိမ် တပ်ဖြန့်ချထားမှုနှင့် ကြုံတွေ့နေရသည်။

မြင့်တက်

အမေရိကန် စစ်ဘက် ခေါင်းဆောင်များက အီရတ်၌ တပ်ဖွဲ့ဝင်များ လျှော့ချရန် မျှော်လင့်ထားသည်။ သို့သော်လည်း အကြမ်းဖက်မှုများ မြင့်တက်လာမှုကြောင့် လာမည့်နှစ်လယ်တိုင်အောင် ဖြစ်နိုင်ရန် အကြောင်းမရှိဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့အကြီးဆုံး ဒိန်ခဲကြီး နယ်သာလန်၌ ပြုလုပ်

နယ်သာလန် စက်တင်ဘာ ၂၉

နယ်သာလန်နိုင်ငံမှ ဒိန်ခဲပြုလုပ်သူများသည် ဝန်ပင့်ယာဉ်များကို အသုံးပြုလျက် ကမ္ဘာ့အကြီးဆုံး ဒိန်ခဲကြီးလုပ်ရန် မျှော်လင့်ချက်ဖြင့် ကီလို ၆၀၀(ပေါင် ၁၃၂၀)ရှိ ဒိန်ခဲကြီးကို ပြုလုပ်ခဲ့ကြသည်။

ပိုမိုကြီးမား

အဆိုပါ ဒိန်ခဲကြီးမှာ စားပွဲအရွယ်ရှိပြီး နယ်သာလန်ဒိန်ခဲ ထုတ်လုပ်ရေးကုမ္ပဏီ ဘီယမ်စတားမှ ဦးဆောင်ပြုလုပ်ခြင်း ဖြစ်သည်။ ယခုပြုလုပ်သော ဒိန်ခဲကြီးမှာ ယမန်နှစ်က ပြုလုပ်ခဲ့သော အရွယ်အစားထက် ပို၍ကြီးမားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဒစ်ဂျစ်တယ်ကင်မရာ

ဂျာမနီနိုင်ငံ ကိုလုံမြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၀၆ အီလက်ထရွန်နစ်ဆိုင်ရာ ပစ္စည်းများပြပွဲ၌ ပြသထားသည့် နီကွန်ဒစ်ဂျစ်တယ်ကင်မရာကြီးအား စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။ (ယင်းပြပွဲတွင် နိုင်ငံပေါင်း ၄၅နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၆၀၀ ပါဝင်ပြသကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖွင့်လှစ်လိုက်သော သုဝဏ္ဏဘူမိ လေဆိပ်ကြီးမှ ပျံသန်းထွက်ခွာသွားသည့် လေယာဉ်တစ်စင်းကို စက်တင်ဘာ ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သုဝဏ္ဏဘူမိလေဆိပ်သစ်ကြီး ထိုင်း၌ ဖွင့်လှစ်

ဗန်ကောက် စက်တင်ဘာ ၂၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သစ်ကြီးကို စက်တင်ဘာ ၂၈ရက်က ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ ထိုနေ့ဖွင့်ပွဲတွင် ခရီးသည်ထောင်ပေါင်းများစွာတို့ လေဆိပ်သစ်ကြီး၌ ဝင်ထွက်သွားလာနေကြသည်။

ယင်းလေဆိပ်သစ်ကြီးကို တည်ဆောက်ရန် ၄၅နှစ်တာ စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရပြီး မကြာသေးမီက ဝန်ကြီးချုပ် သက်ဆင်ရာထူးမှ ဖယ်ရှားခံရပြီးနောက် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ၾင်းလေဆိပ်ကြီးသည် အရှေ့တောင်အာရှတွင် အကြီးဆုံး လေဆိပ်ကြီးဖြစ်ပြီး အမေရိကန်ဒေါ်လာ လေးဘီလီယံ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အချက်အချာ

အဆိုပါ လေဆိပ်သစ်ကြီးသည် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေး၊ ဟောင်ကောင်၊ စင်ကာပူတို့နှင့် ယှဉ်ပြိုင်လျက် ဒေသဆိုင်ရာလေကြောင်းပို့ဆောင်ရေး အချက်အချာဖြစ်ရေးတို့အတွက် ထိုင်းနိုင်ငံက မျှော်လင့်ထားသည်။

ဝန်ဆောင်မှု

တစ်နာရီလျှင် လေယာဉ်၇၆စင်း အဆင်းအတက် ပြုလုပ်နိုင်ကာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၄၅သန်းအား လေကြောင်းဝန်ဆောင်မှု ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အလေးချိန် ၈၈၂ပေါင်ရှိသော လမုန့်

အထူးပြုလုပ်ထားသော လမုန့်ကြီးတစ်ခုအား ဝေငှ ကျွေးနေသည်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူမြို့တွင် လမုန့်ပွဲတော် တစ်ခု၌ပြုလုပ်ထားသော လမုန့်ကြီး တစ်ခုမှာ အလေးချိန် ၈၈၂ပေါင် ရှိကြောင်း သိရသည်။ ၎င်းလမုန့်ကြီးကိုပွဲတော်သို့လာရောက်သူများအား အခမဲ့ဝေငှ ကျွေးမွေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဝက်လေးများ၏ စွမ်းရည်ပြပွဲ

စွမ်းရည်ပြနေသော ဝက်လေးများကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ နန်ကျင်းမြို့တွင်ရှိသော တိရစ္ဆာန်ဥယျာဉ် တစ်ခု၌ လေ့ကျင့်ပေးထားသော ဝက်လေးများက သတ်မှတ်ထားသောနေရာကို အမြင့်မှ ဒိုင်ဗင်ထိုးပြနိုင်ကြောင်း သိရသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့ဈေးအနီး ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်း ဘေရာဒေသရှိ လူစည်ကားရာ ဈေးတစ်ခုအနီးတွင် ကားဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ လူငါးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲ

ဈေးအနီးရှိ လမ်းပေါ်တွင်ရပ်ထားသော ကားကို အဝေးထိန်း ခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးမှုအရေအတွက်မှာ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အမျိုးသားညီလာခံကျင်းပရေးကိုတင်ပြင်ဆင်ထားမှုများ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမ၌ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် တာဝန်ရှိသူများသည် အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ရုံး၊ ညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့အလိုက်ဆွေးနွေးကြမည့် ဆွေးနွေးပွဲခန်းမများ ပြင်ဆင်ခင်းကျင်းထားမှု၊ ဝန်ထမ်းများအတွက် စားရိပ်သာပြင်ဆင်ထားမှု၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အပန်းဖြေဆောင်အတွင်း စီစဉ်ဆောင်ရွက်ထားမှု၊ တယ်လီဖုန်းနှင့် ရုပ်မြင်သံကြားစက်များ တပ်ဆင်ထားမှု၊ အမျိုးသမီးအိပ်ဆောင်များအတွင်း ကြိုတင်ပြင်ဆင်ခင်းကျင်းထားမှု၊ စားရိပ်သာ(၁)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား နေ့စဉ်ကျွေးမွေးဧည့်ခံနိုင်ရေးအတွက် ရိက္ခာခြောက်များ စုဆောင်းထားရှိမှုနှင့် ကြိုတင်ဆောင်ရွက်ထားမှု၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သက်သာချောင်ချိစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချမည့် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရောင်းဆိုင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် အငှားဆိုင် ဆိုင်ဖွင့်လှစ်မည့်နေရာ၊ နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန်အရောင်းဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်နှင့်ဆက်သွယ်ရေးစခန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စားသောက်ကုန်အရောင်းဆိုင်၊ ပင်မင်းဆိုင်နှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ပဒေသာစားသောက်ဆိုင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စားသောက်ဆိုင်၊ စတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင် အားကစားရုံအတွင်း အားကစားကွင်းနှင့် အားကစားပစ္စည်းများ စီစဉ်ထားမှု၊ အမျိုးသားအိပ်ဆောင်အတွင်း အပန်းဖြေနိုင်ရေးအတွက် ဘိလိယက်ခုံများ စီစဉ်ထားမှု၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးနှင့် ဂေါက်သီးရိုက်အားကစားပစ္စည်းများ စီစဉ်ထားမှု၊ ညီလာခံကိုယ်စားလှယ်များ ကျန်းမာရေးအတွက် ဖွင့်ထားသည့်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ရုံးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် စေတနာရှင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မန္တလေးမြို့ မင်းတဲအီကင်း ပေါက္ကုရုံရပ် အောင်မြေသာစံမြို့နယ်နေ ဦးတင်ဝင်း–ဒေါ်မြဦး(မြလွှစာ)မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဝိနယ (ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၉–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၇း၅၀	ကြယ်စင်မောင်နှမနှင့် တွေ့ဆုံခြင်း
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	နိုင်ငံတကာအနုပညာရေးရာ
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင်သွေးကြော (အပိုင်း–၂) (ဒေါက်တာခင်မောင်ဝင်း)
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ရန်ကျော်၊ မေခလာ)
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဆရာချစ်စံဝင်း)
၁၀း၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ဂီတရေစီးကြောင်းထဲကဂီတာ
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၅း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၆း၁၀	Bolton-Liverpool	5-Sports(Live)
၈း၂၅	Charlton-Arsenal	5-Sports(Live)
	Chelsea-Aston Villa	5-Series(Live)
	Everton-Man City	5-Cartoons(Live)
၁၀း၄၀	Sheffield United-Middlebrough	5-Series(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၃၀	Atalanta-Reggina	5-Sports(Live)

Foundation Analysis and Design သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Foundation Analysis and Design သင်တန်းအမှတ်စဉ်(၁)ကို အောက်တိုဘာ ၁၄ရက်တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သဖြင့် စိတ်ဝင်စားသူများအနေဖြင့် ဖုန်း–၅၁၉၆၇၃ မှ ၅၁၉၆၇၆ အတွင်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

(၂၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း သာကေတမြို့နယ် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဗဟုဇန ဟိတဓရ ဓမ္မကထိက ဘဒ္ဒန္တ ပုညာနန္ဒထေရ်အရှင်သူမြတ်သည် မိုးကုတ်ဝိပဿနာ ခန္ဓာဉာဏ်ရောက် အလုပ်ပေးတရားတော်များကို အောက်တိုဘာ ၁၀ရက်မှ ၁၉ရက် အထိ တာချီလိတ်မြို့ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၃၄၈)၏ (၂၂)ကြိမ်မြောက် တရားစခန်း၌ ဟောကြားတော်မူမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် အောက်တိုဘာ ၉ရက်နောက်ဆုံးထား၍ ဒေါ်မြတင်(ဝမ်ကောင်းရပ်ကွက်)၊ ဦးမြတ်ခိုင်(ဟောင်လိတ်ရပ်ကွက်)နှင့် ဦးအောင်မျိုးဝင်း ဖုန်း–၀၈၄–၅၁၅၅၀တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

အင်္ဂါဂြိုဟ်၏အဓိကမျက်နှာပြင်နေရာ ဖုန်များ၊ ကျောက်တုံးများတွေ့ရှိ

နာဆာအဖွဲ့က လွှတ်တင်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အောပို့ကျူနီတီသည် အင်္ဂါဂြိုဟ်၏ အဓိကလေ့လာစူးစမ်းရန်နေရာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

အကျယ်အဝန်း

နာဆာသိပ္ပံပညာရှင်များက အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် စိတ်ဝင်စားစရာအကောင်းဆုံးနေရာတစ်ခုဟု မျှော်လင့်ထားသည့် အဆိုပါနေရာသည် မိုင်၈၀၀ ခန့် အကျယ်အဝန်းရှိသည်။

ထိုနေရာတွင် ကျောက်တုံးများ၊ လွင်ပြင်များနှင့် ချိုင့်ဝှမ်းများဖြင့် ရောထွေးနေရာ ၎င်းတို့ကိုလေ့လာကြည့်ခြင်းအားဖြင့် အတိတ်ကအင်္ဂါဂြိုဟ်၏ မျက်နှာပြင်ဆိုင်ရာ ဘူမိအနေအထားကို တွက်ချက်နိုင်မည်ဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အောပို့ကျူနီတီ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် ယခုအခါ အဆိုပါနေရာအား စတင်ရှေ့လျားလေ့လာနေပြီဖြစ်ရာ ခရီးမိုင်၅ဒသမ၇မိုင် ရောက်ရှိနေပြီဖြစ်သည်။

ဖုန်နှင့်ကျောက်တုံး

အောပို့ကျူနီတီ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်အနေဖြင့် အင်္ဂါဂြိုဟ်၏ အဓိက စိတ်ဝင်စားစရာအကောင်းဆုံးနေရာကိုဖြတ်သန်းရာတွင် ဖုန်များ၊ ကျောက်တုံးများကို ဖြတ်သန်းရွေ့လျားခဲ့ရကြောင်း နာဆာမှသတင်းထုတ်ပြန်သည်။

အောပို့ကျူနီတီယာဉ်မှ သတင်းပေးပို့ချက်အရ အဆိုပါနေရာတွင် တစ်ချိန်က ရေများဖုံးလွှမ်းခဲ့သောနေရာတစ်ခုဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာ တိုက် ၁၂ အခန်း၁၄ နေ ဦးလှိုင်ကြည် – ဒေါ်အုံးကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

❒ **ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ညနေ၆နာရီခွဲတွင် ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu ်က ကြိုဆိုနှုတ်ဆက်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu ်က အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့်သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၆ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျိုဆေးလူဝီစ်ဂူတေမော့စ်တို့က ၂၀၀၆ခုနှစ် စက်တင်ဘာ၂၆ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

– ထမင်းရိက္ခာ(သင့်တင့်လျောက်ပတ်သောလစာ)ပေးခြင်း၊
– မိမိအလုပ်သမား မကျန်းမာသည့်အခါ ပြုစုယုယဆေးဝါးကုသပေးခြင်း၊
– ထူးကဲသောအရသာ (ကာယစိတ်ဓာတ်နှစ်ဖြာ)ကို ခွဲဝေပေးခြင်း၊
– အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာ(အချိန်ပိုလုပ်ခ)စသည်ပေးခြင်း။

သင်္ဂဟဆရာတော်မှ သခင်(အလုပ်ရှင်) ကျင့်ဝတ်ငါးပါးကို မှတ်သားရ လွယ်ကူစေရန် လင်္ကာဖွဲ့ဆိုထားပါသည်–

ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်
နာလျှင်ကုစေ၊ ၄ဝေရသာ
အခါကိုလွှတ်၊ အရှင်ဝတ် မချွတ်ငါးခုသာ ဟု လင်္ကာစပ်ဆိုထားပါသည်။

ဤသို့အားဖြင့် သခင်(အလုပ်ရှင်)များဘက်က မိမိတို့၏ လုပ်သားများအပေါ်တွင် အင်္ဂါငါးရပ်နှင့်အညီ တာဝန်ကျေစွာ ဆောင်ရွက်ပေးမည်ဆိုပါက အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဝ ချစ်ကြည်ကြ၍ လုပ်ငန်းများကို တိုးတက်ကြီးပွားပြီး အလုပ်ရှင် အလုပ်သမား နှစ်ဦးစလုံး ကောင်းကျိုးချမ်းသာ ရကြမည်မှာ မလွဲသာတည်း။ **(သာသနာရေး)**

စကြာနန္ဒကျောင်း ပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဝဲပုံကျောင်းတိုက် စကြာနန္ဒကျောင်း၌ ၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ တတိယအကြိမ် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ အလှူရှင်များသည် (မဟာစည်နယ်လှည့်ဓမ္မကထိက) အရှင်ဇနိန္ဒာ လက်ခံရထံသို့ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၉

အောက်တိုဘာ ၁ရက်နေ့တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" ကျင်းပရေး အတွက် ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် ဘိုးဘွားရိပ်သာများသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ရက်မွန်းလွဲ ၁နာရီက ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ သယ်ယူ ပို့ဆောင်ရေးဆပ်ကော်မတီ၊ ရန်ပုံငွေ ရှာဖွေရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီဝင်များက အသီးသီး အကြံပြု ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်တို့က ခရမ်းဘိုးဘွားရိပ်သာ၊ဥက္ကံမြို့ ဦးမောင်ရုံး–ဒေါ်ရင် ဘိုးဘွားရိပ်သာ ကျောက်တန်း ဘိုးဘွားရိပ်သာ၊တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာများသို့ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၌ ၁၃၆၈–၆၉ပညာသင်နှစ် သာသနတက္ကသီလ ဓမ္မာစရိယ ပထမနှစ်သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတီယင်္ဂဏ စာသင်တန်း၊ သကျသီဟ စာသင်တန်း တစ်ခုခုအောင်မြင်ပြီးသော သက်တော်(၃၀) သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဖြေဆိုကြရမည်

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်ပြီး အစိုးရပထမကြီးတန်းနှင့်ညီသော ဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတမေးခွန်းလွှာတစ်ခု၊ ပါဠိဘာသာရပ် မေးခွန်းလွှာတစ်ခု၊ တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာ တစ်ခုတို့ကို တစ်ရက်စီ ဖြေဆိုကြပြီးနောက် လူတွေ့စစ်ဆေးခြင်းကိုလည်း ဖြေဆိုကြရမည်ဖြစ်သည်။

တင်သွင်းနိုင်

သာသနာ့တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာများကို ၁၃၆၈ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၉ ရက်)မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်(အောက်တိုဘာ၂၇ရက်) ညနေ ၄နာရီ ဖြစ်သည်။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ တက္ကသိုလ် မော်ကွန်းထိန်းရုံး၌ တောင်းယူတင်သွင်းနိုင်သည်။

အသေးစိတ်သိလိုပါက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း–၀၁–၆၆၅၃၆၂၊ ၀၁–၆၆၂၉၉၇၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး ဖုန်း–၀၁–၆၆၄၃၉၅ နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း–၀၂–၆၆၉၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဝါရဏာပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေကြက်ယက် ဆရာတော်ကြီးအား အမှူးထား၍ နှစ်စဉ် ကျင်းပသည့် ပဝါရဏာပွဲတော်ကြီးကို အောက်တိုဘာ ၆ရက်တွင် ကျင်းပပြီး ပင့်သံဃာတော် ၁၀၈ပါးတို့အား အလှူရှင်များပေးပို့လှူဒါန်းသည့် ငွေပဒေသာပင်တို့ကို စာရေးတံမဲချ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ **(က–ပ)**

ဆက်သွယ်ရေး ချို့ယွင်းမှု တိုင်ကြားရေး ဌာန–(၁၀၆)

ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်ကြသည့် Telephone/ Mobile /Fax /Internet/ E-mail/Billing /DATA နှင့် ထပ်ဆောင်းဝန်ဆောင်မှုများတွင် ချို့ယွင်းမှု၊ မှားယွင်းမှုများ ဖြစ်ပေါ်ပါက မြန်ဆန်ထိရောက်စွာ ပြုပြင်ပေးနိုင်ရေးအတွက် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန–(၁၀၆)"**ကို နေပြည်တော်တွင် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ တိုင်ကြားလိုပါက ဒေသဆိုင်ရာချို့ယွင်းမှုပြုပြင်ရေးဌာနများအပြင် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန–(၁၀၆)"**သို့လည်း တိုက်ရိုက်ခေါ်ဆိုတိုင်ကြားနိုင်ပါသည်။

- တယ်လီဖုန်းအမှတ် – ၁၀၆
- FAX – 067-422106
- E-mail – 106 @mptmail.net.mm
- စာတိုက်သေတ္တာအမှတ် – ၁၀၆ နေပြည်တော်

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

နေပြည်တော်တွင်ယာဉ်ငယ်များငှားရမ်းနိုင်ရန် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပို့ဆောင်ရေးဌာနခွဲက ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်တွင် ယာဉ်ငယ်များ ငှားရမ်းအသုံးပြုနိုင်ရန်အတွက် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပို့ဆောင်ရေးဌာနခွဲက ဆောင်ရွက်ပေးလျက်ရှိသည်။ ယာဉ်များမှာ မတ်တူး ဘလူးဘတ်(စ်) ယာဉ်ငယ်များဖြစ်ပြီး ယာဉ်ငှားရမ်းခမှာ ပထမလေးနာရီတွင် ငွေကျပ်နှစ်သောင်း၊ ဒုတိယလေးနာရီအတွက် ငွေကျပ်တစ်သောင်းနှင့် ထပ်မံသုံးစွဲလိုပါက တစ်နာရီလျှင် ငွေကျပ်တစ်သောင်းဖြစ်ကြောင်းနှင့် ငှားရမ်းလိုပါက ဖုန်း–၀၆၇–၂၂၀၉၃၊ ၀၆၇–၄၀၆၀၆၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ကြီးရွယ်အိုများဘဝလုပရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွားများနှင့်တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၉

လူတို့သည်သန္ဓေစတည်ကတည်းကပင် အိုမင်းရင့်ရော်မှု အစပြုသည်ဟုဆိုသည်။ မွေးဖွားချိန်မှသေဆုံးချိန်မတိုင်မီအထိ တစ်ရက်ချင်း တစ်ရက်ချင်း အိုမင်းလာကြသည်ကို လူတိုင်း ဂရုမပြုမိကြချေ။ အရွယ်အိုမင်းလာချိန်ရောက်မှသာ သတိသံဝေဂရသူများ လျက် ရှိကြသည်။



အဘိုး ဘိုးချစ်

ဘာသောကမှ မရှိအောင် ပြုစုကြလို့ ကျေးဇူးလဲ တင်ပါတယ်။

အဘိုးဘိုးချစ်
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

စတင်တည်ထောင်ခဲ့

သက်ကြီးရွယ်အိုများ၏ ဘဝကို စာနာမိသော ဒေါ်ဦးဖွန်းက မြန်မာနိုင်ငံတွင် ၁၉၁၅ခုနှစ်ကပင် လူအိုရုံများကို စတင်တည်ထောင်ခဲ့လေသည်။ ဒေါ်ဦးဖွန်း တည်ထောင်ခဲ့သော လူအိုရုံများတွင် ၁၉၃၀ပြည့်နှစ်က တည်ထောင်ခဲ့သော နှင်းဆီကုန်းလူအိုရုံလည်း အပါအဝင် ဖြစ်သည်။

နှင်းဆီကုန်း လူအိုရုံကို စတင်တည်ထောင်စဉ်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်၌ ဖြစ်သော်လည်း ၁၉၄၃ခုနှစ်မှစတင်ကာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ယခုလက်ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာနေရာသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး နှင်းဆီကုန်း ဘိုးဘွားရိပ်သာဟု အမည်ပြောင်းလဲခေါ်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်း

ယခုအခါ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ရောက်ရှိတော့မည်ဖြစ်ရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဘိုးဘွားများနှင့် ၎င်းတို့၏ နေထိုင်မှုဘဝကို တွေ့ဆုံမေးမြန်းရန် မြန်မာ့အလင်း သတင်းအဖွဲ့ စက်တင်ဘာ ၂၉ ရက်က သွားရောက်ခဲ့ကြသည်။

ပထမဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (အငြိမ်းစား) နှင့် တွေ့ဆုံကာ ရိပ်သာရှိ ဘိုးဘွားများ အခြေအနေနှင့် ပတ်သက်၍ မေးမြန်းရာ ဗိုလ်မှူးအောင်သန်း(ငြိမ်း) က "နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှာ လက်ရှိအဘိုးအဘွားပေါင်း ၂၂၉ဦးရှိတယ်။ အဘိုး ၉၂ဦးနဲ့ အဘွား ၁၃၇ဦးရှိနေပြီး လက်ခံနိုင်တဲ့ အရေအတွက်က အဘိုး ၁၀၀နဲ့ အဘွား ၁၄၀အထိ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။



အသွားလီလီ

ကိုယ်ကလေ့လာ မှတ် သား မှ ကောင်း ကောင်း ရေးနိုင်မှာပေါ့။

အဘွားလီလီ
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

တိုးချဲ့စောင့်ရှောက်

ဆက်လက်ပြီး တိုးချဲ့လက်ခံနိုင်မည့် အခြေအနေ ရှိမရှိမေးမြန်းရာ "ရှေ့လာမည့်သီတင်းကျွတ်မှာထပ်ခေါ်မယ်။ လိုအပ်တဲ့အရေအတွက် ပြည့်မီအောင်လို့ပါ။ အခုလောလောဆယ် လျှောက်ထားသူ ၃၀ကျော်လောက်ရှိတယ်။ နောက်ပြီး ဘိုးဘွားတွေ အနေအထိုင်ကျယ်ဝန်းလွတ်လပ်အောင် သုံးထပ်ဆောင်တစ်ခု ထပ်ပြီးဆောက်မယ်။ မကြာခင်ဆောက်တော့မှာပါ။ ဒီသုံးထပ်ဆောင်ပြီးသွားရင်အဘိုး၊အဘွား နောက်ထပ် ၆၀အထိ တိုးချဲ့စောင့်ရှောက်သွားနိုင်မှာပါ"ဟုလည်း ဗိုလ်မှူးအောင်သန်း(ငြိမ်း)က ဆက်ရှင်းပြသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွင်း နေထိုင်လျက်ရှိသော အဘိုးအဘွား အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ အသက်အကြီးဆုံးဖြစ်သော အဘွားအေးမေနှင့် နေထိုင်ရမှုအပေါ် မေးမြန်းကြည့်ရာ အသက် ၁၀၅နှစ် အရွယ်ရှိ အဘွားအေးမေက "ကျန်းမာရေးလဲကောင်းတယ်၊ နေထိုင်ရတာလဲ စိတ်ချမ်းသာတယ်၊ နည်းနည်းမောတာကလွဲပြီး ဘာမှမဖြစ်ဘူး၊ တကယ့်ကို စိတ်ချမ်းသာအောင် ဝိုင်းပြီး ပြုစုကြပါတယ်"ဟု ပြောကြားသည်။ အဘွားအေးမေသည် အသက် ၁၀၅ နှစ်ရှိပြီဖြစ်သော်လည်း သတင်းစာကို ကောင်းကောင်း ဖတ်နိုင်ဆဲပင် တွေ့ရသည်။

အဘိုးများ နံနက်စာထမင်းသုံးဆောင်နေသည်မှာ ဤသို့ ကြည်နူးစရာကောင်းလှသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အဘိုးဘိုးချစ်

တစ်ဖန် နှင်းဆီကုန်း ဘိုးဘွားရိပ်သာအတွင်းဆေးရုံ၌ ဆေးကုသမှုခံယူနေသော အသက် ၉၇ နှစ်အရွယ်ရှိ အဘိုး ဘိုးချစ်အား ကျန်းမာရေးနှင့် ဘဝဖြစ်စဉ်ကို မေးမြန်းရာ "အဘိုးက ကျိုက်လတ်အပိုင် ကျွဲကူးရွာ ဇာတိပါ၊ ၆၅နှစ်မှာ ဇနီးဆုံးတယ်၊ သားသမီးမရှိဘူး၊ အသက် ၇၀မှ ဒီရောက်လာတယ်၊ ကျန်းမာရေးက ခါးနည်းနည်းနာတာပါ၊ ကျန်တာ ဘာမှမဖြစ်ပါဘူး၊ ဒီမှာနေရတာ တရားအလုပ် များများလုပ်ဖြစ်တယ်၊ ဘာသောကမှမရှိအောင်ပြုစုကြလို့ ကျေးဇူးလဲတင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။ အဘိုးဘိုးချစ်သည် ယခင်က မီးရထား၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ဦးလည်း ဖြစ်သည်။ အမြင်ရော အကြားပါ ကောင်းနေဆဲပင် ဖြစ်သည်။

နောက်တစ်ဦးမှာ အသက် ၈၃ နှစ်အရွယ်ရှိ အဘွားလီလီဖြစ်သည်။ မျက်မှန်အပြင် မှန်ဘီလူးတစ်ခုကိုပါ ကိုင်ပြီး သတင်းစာမှ မှတ်သားဖွယ်ရာများကို စိတ်ဝင်စားစွာ လေ့လာရေးမှတ်နေရာ အနီးကပ်စူးစမ်းလိုက်ရာ သေသပ်လှပသော လက်ရေးများဖြင့် စနစ်တကျ အချက်အလက်များကို မှတ်တမ်းတင်နေကြောင်း တွေ့ရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ လက်ရှိ အဘိုးအဘွားပေါင်း ၂၂၉ဦး ရှိပါတယ်။

ဗိုလ်မှူးအောင်သန်း(ငြိမ်း)
နှင်းဆီကုန်းဘိုးဘွားရိပ်သာ
အတွင်းရေးမှူး
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အဘွားလီလီ

အဘွား လီလီအား မည်သည့် အကြောင်းအရာများ ရေးမှတ်နေပါသလဲဟု မေးမြန်းရာ "နောက်ထပ်ပြိုင်ရမယ့် စာစီစာကုံးပြိုင်ပွဲအတွက် ပြင်ဆင်နေတာပါကွယ်၊ ကိုယ်က လေ့လာမှတ်သားမှ ကောင်းကောင်းရေးနိုင်မှာပေါ့၊ ဒါကြောင့် အချက်အလက်တွေစုဆောင်းနေတာ" ဟု ပြောပြသည်။ အဘွားလီလီသည်ရန်ကုန်ဇာတိကျောင်းဆရာမတစ်ဦးဖြစ်ခဲ့ပြီး စာရေး၊ စာဖတ်ကို ဝါသနာပါသူ ဖြစ်သည်။ ပြီးခဲ့သည့် စက်တင်ဘာ ၂၂ရက်က ပြုလုပ်ခဲ့သော **"ဘိုးဘွားများက မေတ္တာဝေ၊ ကျန်းမာချမ်းသာပါစေ"**ဟူသော ခေါင်းစဉ်ဖြင့် လာမည့် အောက်တိုဘာ ၁ ရက်၌ ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြိုစာစီစာကုံးပြိုင်ပွဲ၌ ပထမဆု ဆွတ်ခူးနိုင်ခဲ့သည့် အဘွားဖြစ်သည်။

"ဒီနှင်းဆီကုန်း ဘိုးဘွားရိပ်သာမှာ နေရတာ စိတ်ချမ်းသာတယ်၊ ကိုယ့်ကျန်းမာရေးအတွက်လဲ မပူရဘူး၊ တရားထိုင်ရတာလဲ အနှောင့်အယှက်မရှိဘူး၊ အိပ်ရေးလဲဝတယ်၊ အစားလဲ စားကောင်းအောင် ချက်ပြုတ်ကျွေးမွေးကြတော့ စားနိုင်တယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟုအဘွားလီလီက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဘွား အေးမေ

နေထိုင်ရတာလဲ စိတ်ချမ်းသာတယ်။

အဘွားအေးမေ
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

ကြီးမားသော ကုသိုလ်တရား

လူ့ဘဝတွင် တတိယအရွယ်သည် အရေးကြီးသည်ဟု ဆိုရိုးရှိသည်။ သက်ကြီးရွယ်အိုများကိုပြုစုစောင့်ရှောက်ခြင်းသည် ကြီးမားသော ကုသိုလ်တရားကို ရရှိစေနိုင်သည်။လောကီလောကုတ္တရာ နှစ်ဖြာအကျိုးကိုရရှိစေနိုင်သည်ဟု ဆိုရိုးရှိသည်။ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းဖြင့် ကုသိုလ်ယူနိုင်ကြရေး လာမည့် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့** အကြိုအဖြစ် တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2006

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

သိမ်ဆိပ်အထက်တန်းကျောင်း(ခွဲ)ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ အစိုးရမူလတန်းကျောင်း(သာသနာ့ဝင်ကျောင်း)အဖြစ် အစပြုခဲ့သော သိမ်ဆိပ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင်ကျင်းပမည်ဖြစ်သည်။ ဆရာမကြီး ဒေါ်သောင်းခင် ၉၂နှစ်၊ ဦးထွန်းတင် ၈၇နှစ်၊ ဒေါ်ဖွားစိန် ၇၉နှစ်၊ ဦးစံဟိန်း ၇၈ နှစ် အပါအဝင် အသက် ၆၀ ပြည့်နှင့်အထက် ဆရာကြီး ဆရာမကြီး ၂၉ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းလိုသူများသည် ဒေါ်ခင်ဝင်း (ရန်ကုန်) ဖုန်း–၀၁–၂၂၁၂၄၇၊ ၀၁–၂၂၅၁၃၉၊ ဒေါ်တင်လွမ် (ရန်ကုန်) ဖုန်း–၀၉၅၁၃၉၇၅၄၊ ဒေါ်နန်းစောလှိုင်(မော်လမြိုင်)ဖုန်း–၀၅၇–၂၁၈၃၄၊ ဦးထွန်းအောင်(ကျောင်းအုပ်ကြီး) ဖုန်း–၈၀၊ ဦးထွန်းဝင်း ဖုန်း– ၁၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒိုင်ယာလော့ခ်အစစ်နဲ့ ဒိုင်ယာလော့ခ်အတုအယောင်တို့ရဲ့သရုပ်သကန်

အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတိုင်းမှာ အဲဒီ အချုပ်အခြာအာဏာနဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်(စီမံခန့်ခွဲ)ရေးအာဏာ၊ တရားစီရင်ရေး အာဏာတွေကို မည်သူ၊ မည်ဝါ၊ မည်သည့်အဖွဲ့အစုက မည်သို့ ကိုင်တွယ်ကျင့်သုံးရမယ်ဆိုတဲ့ စည်းကမ်းချရတယ်။ အဲဒီအချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံသားတွေ ရရှိခံစားရမယ့် နိုင်ငံသား အခွင့်အရေးတွေကို ပြဋ္ဌာန်းပေးရတယ်။ အဲဒီစည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်တွေကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလို့ ခေါ်ကြတာဖြစ်ပါတယ်။

သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝရောက်နေတဲ့ နိုင်ငံ (ကျွန်နိုင်ငံ) များမှာတော့ သိမ်းပိုက်ကျွန်ပြုတဲ့ နယ်ချဲ့သမားအစိုးရက အချုပ်အခြာအာဏာကို စိတ်ကြိုက် ကိုင်တွယ်ပြီး အဲဒီနိုင်ငံသားတွေရဲ့ အခွင့်အရေးကိုမပေးဘူး၊ ဖိနှိပ်ထားတယ်။ စိတ်ကြိုက် ဥပဒေပြဋ္ဌာန်းပြီး မလှုပ်နိုင်အောင်ဖိတယ်၊ သခင်နဲ့ ကျွန်ပုံစံနဲ့ အုပ်ချုပ်တယ်။ ကျွန်တွေကို ထောင်ချ၊ ကြိုးပေးတဲ့ တရားစီရင်ရေးကိုပဲ ကျင့်သုံးတယ်။ ဒါ့ကြောင့် မြန်မာတွေဟာ နယ်ချဲ့အင်္ဂလိပ်(ဗြိတိသျှ)တို့လက်က မြန်မာ့လွတ်လပ်ရေး ပြန်တိုက်ယူခဲ့ကြတာ ဖြစ်တယ်။

အင်္ဂလိပ်က လွတ်လပ်ရေးမပေးချင်ဘဲ ပေးရတော့မယ့်အခါ မြန်မာတွေမှာ အခြေခံဥပဒေရှိရမယ်၊ ဒါမှအချုပ်အခြာအာဏာ ပြန်လွှဲပေးမယ်ဆိုလို့ ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖုတ်ပူမီးတိုက် ရေးဆွဲခဲ့ရတယ်။ လွတ်လပ်ရေးနေ့(၄-၁-၄၈)ပထမဆုံးလွှတ်တော် အစည်းအဝေးမှာ အတည်ပြုခဲ့ရတယ်။ အပူတပြင်းရေးဆွဲခဲ့ရတဲ့ အဲဒီအခြေခံဥပဒေမှာ ပြည်နယ်တွေ ခွဲထွက်ခွင့်ပါသွားခဲ့တယ်။ ၁၉၆၂ခုနှစ်မှာ ဖက်ဒရယ်လှုပ်ရှားမှုနဲ့ပြည်ထောင်စု အစိတ်စိတ်ကွဲပြီး အမေရိကန်ဆီးတိုး စစ်အုပ်စု ကွန်ရက်ထဲ ကျလုဆဲဆဲမှာ ပြည်ထောင်စု မပြိုကွဲရအောင်၊ ကျွန်ပြန်မဖြစ်ရအောင် တပ်မတော်နဲ့ပြည်သူ လက်တွဲကာကွယ်ခဲ့ရတယ်။

၁၉၇၄ခုနှစ်မှာတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက လူထုအကြံဉာဏ် သုံးကြိမ်ယူ၊ မူကြမ်းနှစ်ကြိမ်ချပြပြီး ပြည်သူ့ဆန္ဒခံယူမှု မဲပေးသူ ၉၁ဒသမ၁၉ရာခိုင်နှုန်းရဲ့ ထောက်ခံမဲနဲ့ အတည်ပြုခဲ့တယ်။ ဆိုရှယ်လစ်စနစ်တည်ဆောက်နေတဲ့ ခေတ်ကာလဆိုတော့ ဆိုရှယ်လစ်အခြေခံမှုတွေက လွှမ်းခဲ့တာပေါ့။ အဲဒီ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၈ခုနှစ် ဆူပူမှုမှာ မကြိုက်ကြတော့ပြန်ဘူးဆိုလို့ ဘေးဖယ်ထားခဲ့ရပြန်တယ်။

၁၉၉၀ပြည့်နှစ် မေလမှာ တပ်မတော်အစိုးရက ပါတီစုံ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပေးတယ်။ရွေးကောက်ပွဲ မကျင်းပမီ ကတည်းက အဲဒီရွေးကောက်ပွဲမှာ ရွေးချယ်ခံရသူတွေအနေနဲ့ နိုင်ငံမှာ လုံးဝ မရှိသေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြရမယ်လို့ ကြိုပြောခဲ့တယ်။ သတင်းစာရှင်းလင်းပွဲတွေမှာ ကြိုပြောခဲ့တယ်။ နိုင်ငံတော်ရဲ့ ၁/၉၀ ကြေညာချက်မှာလဲ အဲဒီတာဝန်ကို ဖော်ညွှန်း ရှင်းပြထားတယ်။ ပြည်ထောင်စုသား အားလုံးဆီက ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်း တည်ရှိတဲ့ လွတ်လပ်ရေးရဲ့သင်္ကေတ အချုပ်အခြာအာဏာကို စည်းကမ်းတကျရေးဆွဲထားတဲ့ အခြေခံဥပဒေမရှိဘဲ ပုဂ္ဂိုလ်တစ်ဦး၊ လူတစ်စု၊ ပါတီအဖွဲ့အစည်း တစ်ခုလက်ထဲ ဟင်းရွက်ကန်စွန်းလို ဘယ်လွှဲပေးနိုင်ပါ့မလဲ။ လွတ်လပ်ရေး ပေးခါနီးတုန်းက မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံရှိမှ လွတ်လပ်ရေး (အချုပ်အခြာအာဏာ) ပြန်လွှဲပေးမယ်လို့ ပြောခဲ့တာလဲ ဒီသဘောပဲမဟုတ်လား။

နိုင်ငံတည်ငြိမ်အောင်၊ ပြည်တွင်းငြိမ်းချမ်းအောင်လုပ်ပြီး အခြေအနေ တိုးတက်လာတဲ့ ၁၉၉၂ခုနှစ် ဇွန်လမှာ အစိုးရကိုယ်စားလှယ် အရေအတွက်ရဲ့နှစ်ဆရှိတဲ့ NLD ကိုယ်စားလှယ်၊ SNLD၊ တစည စတဲ့ တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေနဲ့ အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးကြ၊ သဘောတူခဲ့ကြတယ်။ အဲဒီတုန်းက သဘောတူခဲ့ကြတဲ့မူအတိုင်း ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှာ အမျိုးသားညီလာခံကြီး စာတင်ကျင်းပခဲ့တယ်။

နိုင်ငံရေးပါတီ ၁၀ခုက ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်များ အစုအဖွဲ့ (NLD က အများဆုံး ၁၀၀ နီးပါး)၊ တိုင်းရင်းသား ကိုယ်စားလှယ်များအစုအဖွဲ့ (ပြည်ထောင်စုအနှံ့ ဒေသစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များ ပါဝင်တယ်)၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ (လုပ်ငန်းစုံမှ အလုပ်သမားကိုယ်စားလှယ်များ)၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့(ဒေသစုံမှ တောင်သူရော လယ်သမားပါ)၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ (ပါမောက္ခကြီးတွေ၊ ဥပဒေပညာရှင်တွေ၊ အင်ဂျင်နီယာကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ရိုးရာပန်းပညာရှင်စတဲ့ အနုပညာရှင်တွေ၊ ပညာရေးနယ်ပယ်မှ ပညာရှင်တွေ)၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့(ဝန်ကြီးဌာနစုံ၊ အလုပ်ဌာနစုံက ဝန်ထမ်းတွေ)၊ အခြားဖိတ်ကြားသင့်တဲ့ပုဂ္ဂိုလ်များအစုအဖွဲ့(ငြိမ်းချမ်းရေးယူခဲ့တဲ့ တိုင်းရင်းသားအဖွဲ့များက ကိုယ်စားလှယ်တွေ၊ စာပေပညာရှင်၊ သမိုင်းပညာရှင်၊ သံတမန်ဟောင်းတွေ၊ အခြားပညာရှင်ကြီးတွေ)နဲ့ ကျင်းပခဲ့တာပါ။ ကိုယ်စားလှယ် ၇၀၂ ယောက်ရှိခဲ့တယ်။ ကျိုက္ကဆံကွင်းမှာ ကျင်းပပါတယ်။

ညီလာခံ ကိုယ်စားလှယ်များရဲ့ စုံညီအစည်းအဝေးကြီးတွေမှာ အစုအဖွဲ့အလိုက်၊ ပါတီတစ်ခုချင်းအလိုက် ရွေးချယ်ခံကိုယ်စားလှယ်များ၊ တစ်ဦးချင်း၊ တစ်စုချင်းအလိုက် ဆွေးနွေးရရှိခဲ့သမျှ တင်ပြကြပါတယ်။ စုံညီသဘာပတိအဖွဲ့က တင်ပြသမျှ အလေးထားပြီး အကွက်စေ့၊ ထောင့်စေ့အောင် သုံးသပ်ပြီး စုံညီမှာ ပြန်တင်ပြပါတယ်။ အဲဒီတော့မှ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ဒီမိုကရေစီနည်းကျ အများစု ဆန္ဒနဲ့ကိုက်ညီပြီး နိုင်ငံတော်အတွက် အကောင်းဆုံး အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေ ချမှတ်ခဲ့တာပါ။

အစုအဖွဲ့ တစ်ခုချင်းအတွင်း ညှိနှိုင်းကြရာမှာ ငြင်းကြ၊ ခုန်ကြတာမျိုးလဲ ရှိပါတယ်။ စုံညီမှာလဲ အများနဲ့မတူတဲ့ ဆန္ဒတင်ပြမှု (လူနည်းစုဆန္ဒ)တွေ ရှိတာပါပဲ။ စိတ်ရှည်လက်ရှည် ညှိယူခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ရမယ့် အခန်းလိုက်ခေါင်းစဉ် ၁၅ခုကို တစ်ခဲနက် အတည်ပြုခဲ့တယ်။ အခန်း(၁) နိုင်ငံတော်အခြေခံမူ၊ အခန်း(၂) နိုင်ငံတော်ကို ဘယ်ပုံစံ (ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခုနဲ့) ထာဝရတည်တံ့မယ့် ပြည်ထောင်စု တည်ဆောက်မယ်ဆိုတဲ့ အခြေခံမူ၊ အသေးစိတ်အခြေခံရမယ့်မူတွေ၊ အခန်း(၃) နိုင်ငံတော်အကြီးအကဲ သမ္မတဟာ နိုင်ငံတော်ရဲ့အထွတ်အထိပ် (သမ္မတကို သမ္မတ ရွေးချယ်ရေးအဖွဲ့များနဲ့ ရွေးမယ်ဆိုတဲ့) အခြေခံမူ၊ အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ခဲ့ပါတယ်။ အခန်း(၄) (၅) (၆)ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာရပ် ကျင့်သုံးမယ့် အဖွဲ့များ ဖွဲ့စည်းမှုအပိုင်းကို ကျိုက္ကဆံကွင်း အမျိုးသားညီလာခံမှာ တစ်ခဲနက် ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

၂၀၀၄ခုနှစ် မေလက မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ် ၁၀၀၀ကျော်တက်ရောက်ကြပါတယ်။ ကျိုက္ကဆံကွင်းမှာထက် အရေအတွက်၃၅၀ခန့် ပိုမိုတက်ရောက်ကြပါတယ်။ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှာ ပြည်ထောင်စုတစ်နံတစ်လျား အကြားအလပ်မရှိ ကိုယ်စားပြုနိုင်တဲ့ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်တွေ (ကျိုက္ကဆံကွင်းမှာတုန်းက ၂၀၀ ကျော်ရုံ) ယခု ၆၀၀ ကျော် တက်ရောက်လာကြပါတယ်။ တကယ့် ပြည်ထောင်စုကိုယ်စားပြု၊ လူထုလူတန်းစားစုံ၊ အလွှာစုံကိုယ်စားပြု ညီလာခံကြီးပါ။ နိုင်ငံတော်မှာ မရှိမဖြစ်တဲ့ အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီနဲ့ အပြန်အလှန် ဆွေးနွေးကြတာပါ။ ဒီလောက် ကြီးကျယ်တဲ့ ဆွေးနွေးပွဲ ဒိုင်ယာလော့ခ်(Dialogue) မျိုးမရှိနိုင်ပါဘူး။ အခုဆိုရင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာခွဲဝေမှုအပိုင်း၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှု အပိုင်းတွေ အကျေအလည် ဆွေးနွေးပြီးကြပါပြီ။ အသေးစိတ်အခြေခံရမယ့်မူတွေလဲ ချမှတ်နိုင်ခဲ့ပါပြီ။ အခန်း(၇)၊ အခန်း(၈) တပ်မတော်ဆိုင်ရာအခန်း၊ နိုင်ငံသားများ မူလအခွင့်အရေးဆိုင်ရာ အခန်းတို့အတွက် အစုအဖွဲ့တစ်ခုချင်း ဆွေးနွေးပြီးကြလို့ စုံညီမှာ တင်ပြထားကြပါပြီ။ စုံညီသဘာပတိအဖွဲ့က ညီလာခံရပ်နားထားတုန်း သုံးသပ်ကြပါတယ်။ ၂၀၀၆ခုနှစ် အောက်တိုဘာ

မှန်ကန်၊ မျှတ၊ အောင်မြင်တဲ့ ဒိုင်ယာလော့ခ်အစစ်ဆိုတာ ဒါပါ

အဲဒီလို ငြိမ်းချမ်းဖို့ ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီနဲ့ လမ်းစဉ်ပါတီတို့လဲ ဒိုင်ယာလော့ခ်နည်းနဲ့ ဆွေးနွေး ကြိုးစားခဲ့ကြဖူးပါပြီ။ မအောင်မြင်ခဲ့ပါဘူး။ ဒီကနေ့ခေတ်မှာတော့ လုံးဝအောင်မြင်ခဲ့ပြီ ဖြစ်ပါတယ်။ မှတ်တမ်းတင်စာအုပ်တွေအရ နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များဟာ တောတွင်းအဖွဲ့များထံ လက်နက်လုံးဝမပါဘဲ သွားရောက်ဆွေးနွေးခဲ့ကြတာပါ။ အဲဒီအဖွဲ့တွေကတောင် ဘာဖြစ်လို့ လက်နက်မယူခဲ့သလဲ၊ ကျုပ်တို့က ခင်ဗျားတို့ကို တစ်ခုခုလုပ်မှာ မစိုးရိမ်ဘူးလားလို့ မေးတော့ အစိုးရ ကိုယ်စားလှယ်များက ညီအစ်ကိုချင်း ယုံကြည်လို့လာတာပဲ၊ ဘာလက်နက် ယူစရာလိုလဲလို့ ဖြေတဲ့အတွက် တိုင်းရင်းသားအဖွဲ့တွေရဲ့ ယုံကြည်မှုကို ရယူခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရင်ကြားစေ့ရေး ဒိုင်ယာလော့ခ်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ပြန်လည်စည်းလုံးညီညွတ်ရေး ဒိုင်ယာလော့ခ်တွေပါပဲ။ အဲဒီ ဒိုင်ယာလော့ခ်တွေရဲ့ အောင်မြင်မှုကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စိတ်အေးချမ်းသာစွာ၊ လုံခြုံဘေးကင်းစွာ၊ ငြိမ်းချမ်းသာယာစွာ နေနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ဖွံ့ဖြိုးတိုးတက်ရေး အပေါင်းလက္ခဏာတွေ တောင်လိုပုံလာတာ ဖြစ်ပါတယ်။ မှန်ကန်၊ မျှတ၊ အောင်မြင်တဲ့ ဒိုင်ယာလော့ခ်အစစ်ဆိုတာ ဒါပါပဲ။

ရုပ်သကန်

ဦးပြေကျော်

လ ၁၀ ရက်နေ့ အမျိုးသားညီလာခံပြန်လည်ကျင်းပတဲ့အခါ သဘာပတိအဖွဲ့ရဲ့ သုံးသပ်ချက်ကိုတင်ပြပြီး လုပ်ငန်းကော်မတီက အသေးစိတ်အခြေခံရမယ့်မူတွေ ချရုံပဲရှိပါတော့တယ်။ အဲဒီနောက် ခေါင်းစဉ်အသစ်များကို ဆက်လက်ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

အခြေခံဥပဒေ၊ နိုင်ငံသားအခွင့်အရေးတို့နဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ နိုင်ငံတိုင်းမှာ (ကျွန်နိုင်ငံမဟုတ်ရင်) အခြေခံဥပဒေရှိကြပါတယ်။ တချို့ကို တစ်ဦးတစ်ယောက်က၊ ပါတီတစ်ခုက ရေးဆွဲပြဋ္ဌာန်းပါတယ်။ ပြင်သစ်နိုင်ငံ အခြေခံဥပဒေကို ပြင်ဆွဲရတဲ့အကြိမ်ပေါင်း (၁၄)ကြိမ် မကတော့ပါဘူး။ နှစ်ပေါင်း ၂၃၀ သက်တမ်းရှည်တဲ့ အခြေခံဥပဒေပြပါဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံဥပဒေကို ပြရမှာဖြစ်ပါတယ်။

အမေရိကန်ဟာ ရှေးက ဒေသခံအင်ဒီးယန်းလူနီမျိုးနွယ်များရဲ့ မြေပါ၊ နိုင်ငံပါ။ နှစ်ပေါင်း ၃၀၀လောက်မှာ အင်္ဂလန်မှ အင်္ဂလိပ်၊ ဝေလ၊ စကော့၊ အိုင်းရစ်လူမျိုးတွေ သွားရောက် အခြေချပြီး ကိုလိုနီနယ်သစ်ထူထောင်ပါတယ်။ ဥရောပမှ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယန်၊ ဂျာမန်၊ အီတလီ၊ စပိန်၊ ရုရှားတို့လဲ နောက်ကလိုက်သွားကြပါတယ်။ ဒီလိုနဲ့ ကိုလိုနီ ၁၃ခုရှိလာတယ်။ ဗြိတိသျှဘုရင်မ အစိုးရက ဘုရင်ခံတွေ လွှတ်ပြီး အုပ်ချုပ်တယ်။ ၁၇၇ဝပြည့်လွန်နှစ်တွေမှာ ဗြိတိသျှအုပ်စိုးမှုကို တော်လှန်ပြီး ၁၇၇၆ခုနှစ် ဇူလိုင်လ ၄ရက်နေ့မှာ လွတ်လပ်ရေးကြေညာကာ ၁၃ပြည်နယ်နဲ့ ပြည်ထောင်စု ထောင်ခဲ့ပါတယ်။ နောက်ပိုင်းမက္ကဆီကိုနဲ့ စစ်ဖြစ်ပြီး နယ်မြေတွေ သိမ်းယူပြန်မပေးဘဲ ပြည်ထောင်စုထဲဆွဲထည့်၊ တချို့ပြည်နယ်တွေ(ဥပမာ အလာစကာ)ကို ပြင်သစ်နဲ့ရုရှားတို့ဆီက ဝယ်ယူပြီး တိုးချဲ့လာလိုက်တာ ၄၉ပြည်နယ် ရှိလာပါတယ်။ နောက်ဆုံး ၅၀မြောက် ဟာဝေယံ(ဟာဝိုင်ယီ) ပြည်နယ်ကတော့ ၁၉၅၈ ခုနှစ်မှာ အဲဒီပစိဖိတ်ထဲမှ ဗျူဟာမြောက် ဟာဝိုင်ယီ ကျွန်းမှ ဘုရင်မကြီးကိုဖမ်းအပြီး သိမ်းယူခဲ့တာပါ။ ၁၈၆ဝမှာ တောင်ပိုင်းပြည်နယ်တွေကခွဲထွက်ပြီး စင်ပြိုင်သမ္မတတင်တော့ ပြည်ထောင်စုပြိုကွဲမခံဘူးဆိုပြီး သမ္မတ အီဘရာဟင်လင်ကွန်းက ပြည်ထောင်စုတပ်တွေ စေလွှတ်တိုက်ခိုက်လို့ သွေးချောင်းစီးခဲ့တယ်။ အမေရိကန်ပြည်တွင်းစစ်ကြီးဖြစ်ခဲ့တယ်။ ဒါကတော့ ကိုယ့်ပြည်ထောင်စု မပြိုကွဲအောင် စစ်ခင်းပြီး ထိန်းခဲ့တဲ့ နမူနာတစ်ခုပါပဲ။

၁၇၇၆ခုနှစ်မှာ လွတ်လပ်ရေးကြေညာ၊ ပြည်ထောင်စု ထောင်ခဲ့တဲ့ အမေရိကန်ဟာ နောက်၁၁နှစ်အကြာ ၁၇၈၇ ခုနှစ်မှာမှ အခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပခဲ့ပါတယ်။ ၁၃ပြည်နယ်ရှိရာမှ ၁၂ပြည်နယ်က ကိုယ်စားလှယ်များ တက်ရောက်တယ်။ ငြင်းကြ၊ ခုန်ကြ၊ ရန်ဖြစ်ကြနဲ့ တချို့ ကိုယ်စားလှယ်တွေ ပြန်သွားလို့ ညီလာခံကို ဦးဆောင်တဲ့ ဂျော့ဝါရှင်တန်က လိုက်ချော့ခေါ်ခဲ့ရတယ်။ အစည်းအဝေးမှာ လူလေးငါးဆယ်သာ တက်ပါတယ်။ နိုင်ငံသားအခွင့်အရေး အခန်းအတွက် ဆွေးနွေးတော့ မူလဒေသခံ အင်ဒီးယန်းလူနီတွေ၊ ငွေဝယ်ကျွန်အဖြစ်သုံးခဲ့တဲ့ နီဂရိုးလူမည်းတွေကို နိုင်ငံသား အခွင့်အရေး၊ မဲပေးခွင့်၊ အရွေးခံခွင့် မပေးနိုင်ဘူးလို့ တောင်ပိုင်း ကိုယ်စားလှယ်တွေက တင်းခံလို့ အဲဒီနိုင်ငံသားအခွင့်အရေးကို ချန်လှပ်ခဲ့ရတယ်။ နောင်ခါကျမှ အခြေခံဥပဒေ ပြင်ဆင်ချက်တွေ တိုးဖြည့်ရာမှာ နိုင်ငံသားအခွင့်အရေး အခန်းပါလာတာဖြစ်တယ်။ မြန်မာနိုင်ငံမှာ ၁၉၄၇ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် အခြေခံဥပဒေတို့မှာ နိုင်ငံသားအခွင့်အရေးဆိုင်ရာမူပေါင်း ၂၀ ကျော်စီ ပါဝင်ခဲ့ပါတယ်။ ကျင်းပဆဲ အမျိုးသားညီလာခံမှာ ညှိနှိုင်းကြတဲ့အခါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာ အသေးစိတ်အခြေခံရမယ့် မူပေါင်း ၄၈ချက်တောင် ပါဝင်လာတာ အားရစဖွယ်တွေ့ရပါတယ်။ အမျိုးသားညီလာခံဟာ မြန်မာနိုင်ငံရဲ့ အရေးအပါဆုံး၊ အထိရောက်ဆုံး၊ အအောင်မြင်ဆုံး၊ ပြည်ထောင်စုကို ကိုယ်စားအပြုဆုံး ဒိုင်ယာလော့ခ်ကြီး မဟုတ်ပါလားခင်ဗျာ။

၁၉၈၈ခုနှစ်နောက်ပိုင်း အစိုးရနဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့တွေအကြား ဒိုင်ယာလော့ခ် (တွေ့ဆုံဆွေးနွေးပွဲ)တွေ ဆက်တိုက်ကျင်းပခဲ့ပါတယ်။ ဟိုတုန်းက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဟာ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုလုံးဝ မရရှိခဲ့တဲ့ မိမိတို့ဒေသအတွက် အားမလို အားမရ၊ မကျေမလည်ဖြစ်ပြီး လက်နက်ကိုင်တိုက်ခဲ့ကြတာပါ။ အင်္ဂလိပ် လက်အောက်တုန်းကဆိုရင် နယ်စပ်ဒေသ၊ နယ်စွန်နယ်ဖျားတွေကို လမ်းဖောက်မပေးဘဲ တမင်ဆင်းရဲစေခဲ့ပါတယ်။ ပြီးတော့မှ အဲဒီဆင်းရဲ(ငတ်ပြတ်)ဒေသတွေမှာ ဘိန်းစိုက်ခိုင်းပြီး လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်ခဲ့တာပါ။ လွတ်လပ်ပြီးတဲ့အခါမှာလဲ သောင်းကျန်းမှုကြောင့် နယ်စပ်ဖွံ့ဖြိုးရေးမလုပ်နိုင်ခဲ့ကြပါဘူး။

၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက် ဆူပူမှုကြောင့် တပ်မတော်က နိုင်ငံတာဝန်ယူပြီးတဲ့နောက် နယ်စပ်ဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကျပ်ငွေသန်းပေါင်း သောင်းချီသုံးပြီး လုပ်ပေးခဲ့တဲ့အတွက် ဒီကနေ့ နယ်စပ်ဒေသတွေမှာ မြို့ပြတိုးတက်မှု အနေအထားတွေ တွေ့လာရပါပြီ။ နိုင်ငံတော်ရဲ့ စေတနာကိုလည်းသိ၊ မိမိတို့ လက်နက်ကိုင်လမ်းစဉ်ရဲ့ အနိဋ္ဌာရုံတွေပြန်လည်သုံးသပ်ကြပြီး ဒီနေ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြလို့ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းလုံခြုံလာပြီဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းတွေမှာ တက်တက်ကြွကြွ ထမ်းဆောင်နေကြပါပြီ။ အဲဒီလို ငြိမ်းချမ်းရေးရယူတဲ့ အဖွဲ့ကြီးပေါင်း ၁၇ဖွဲ့၊ အဖွဲ့ငယ် ပေါင်း ၁၈ဖွဲ့ရှိသွားပါပြီ။ ပြည်ပကသာ ဝင်မနှောင့်ရင် လက်ကျန် အဖွဲ့ နှစ်ဖွဲ့ သုံးဖွဲ့ဟာလဲ ငြိမ်းချမ်းရေးယူဖို့ အကြိမ်ကြိမ် ညှိနှိုင်းထားပြီးဖြစ်ပါတယ်။

အဲဒီလို ငြိမ်းချမ်းဖို့ ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီနဲ့ လမ်းစဉ်ပါတီတို့လဲ ဒိုင်ယာလော့ခ်နည်းနဲ့ ဆွေးနွေးကြိုးစား ခဲ့ကြဖူးပါပြီ။ မအောင်မြင်ခဲ့ပါဘူး။ ဒီကနေ့ခေတ်မှာတော့ လုံးဝအောင်မြင်ခဲ့ပြီဖြစ်ပါတယ်။ မှတ်တမ်းတင်စာအုပ်တွေအရ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များဟာ တောတွင်းအဖွဲ့များထံ လက်နက်လုံးဝမပါဘဲ သွားရောက်ဆွေးနွေးခဲ့ကြတာပါ။ အဲဒီ အဖွဲ့တွေကတောင် ဘာဖြစ်လို့ လက်နက်မယူခဲ့သလဲ၊ ကျုပ်တို့က ခင်ဗျားတို့ကို တစ်ခုခုလုပ်မှာ မစိုးရိမ်ဘူးလားလို့မေးတော့ အစိုးရ ကိုယ်စားလှယ်များက ညီအစ်ကိုချင်း ယုံကြည်လို့လာတာပဲ၊ ဘာလက်နက် ယူစရာလိုလဲလို့ ဖြေတဲ့အတွက် တိုင်းရင်းသားအဖွဲ့တွေရဲ့ ယုံကြည်မှုကို ရယူခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရင်ကြားစေ့ရေး ဒိုင်ယာလော့ခ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြန်လည်စည်းလုံးညီညွတ်ရေး ဒိုင်ယာလော့ခ်တွေပါပဲ။ အဲဒီ ဒိုင်ယာလော့ခ်တွေရဲ့ အောင်မြင်မှုကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စိတ်အေးချမ်းသာစွာ၊ လုံခြုံဘေးကင်းစွာ၊ ငြိမ်းချမ်းသာယာစွာ နေနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ဖွံ့ဖြိုးတိုးတက်ရေး အပေါင်းလက္ခဏာတွေ တောင်လိုပုံလာတာ ဖြစ်ပါတယ်။ မှန်ကန်၊ မျှတ၊ အောင်မြင်တဲ့ ဒိုင်ယာလော့ခ်အစစ်ဆိုတာ ဒါပါပဲ။

ပြည်တွင်းမှ NLD၊ ပြည်ပမှ ပြည်ပြေးတွေနဲ့ အနောက်အင်အားကြီး ကိုလိုနီလက်သစ်ဝါဒီတွေ ပြောပြောနေတဲ့ ဒိုင်ယာလော့ခ်ကတော့ တစ်မျိုးခင်ဗျ။ ပြည်သူတွေပါဖို့မလိုဘူး။ NLD ရယ်၊ အလားတူ တိုင်းရင်းသား NLD ရယ်၊ အစိုးရရယ်ပဲတွေ့၊ NLD ရဲ့ တောင်းဆိုသမျှကိုလိုက်လျော(မလိုက်လျောရင် အစိုးရဘက်က မရိုးသားလို့၊ မမှန်ကန်လို့)ဆိုတဲ့ ဒိုင်ယာလော့ခ်၊ သူတို့ဘက်က တောင်းဆိုမှာကလဲ ရှင်းနေပြီပဲ။ သူတို့ မအောင့်နိုင်၊ မအည်းနိုင် အမြဲကုန်းအော်နေတဲ့ တပ်မတော် အစိုးရဆင်းပေး။ NLDအာဏာကိုယူမယ်၊ ဒါပါပဲ။ အဲဒီ ကိစ္စကို ကြည့်ရုံနဲ့ NLD ဟာ ပြည်သူကို တကယ်ကိုယ်စားပြုသလား၊ ပြည်သူ့အကျိုး ဆက်တိုက်သယ်ပိုးနေသလား သိသာနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ရပ်တန့်သွားအောင် အတင်းအဓမ္မ လုပ်အားပေးခိုင်းတယ်ဟူသော ကလိမ်ကကျစ် စွပ်စွဲချက်၊ လူ့အခွင့်အရေး ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များကို ပြည်တွင်းမှ အနောက်မျှော်များနှင့် ပြည်ပြေးများ၊ နယ်ချဲ့လက်သစ်များက သံပြိုင်ဟစ်ကြွေးခဲ့ကြတယ်။ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူရန် NLD နဲ့ ပြည်ပြေးများက အနောက်ကို တောင်းဆိုခဲ့ကြတယ်။ အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေး ပိတ်ဆို့အရေးယူတယ်။ အခြားနိုင်ငံများကိုလဲ ပိတ်ဆို့ဖို့ ဖိအားပေးခဲ့တယ်။ မြန်မာနိုင်ငံထွက် ပစ္စည်းများ အမေရိကန်တွင် ဝယ်ယူခြင်းမပြုအောင် ပြည်ပြေးတွေက တောင်းဆိုတယ်။ နိုင်ငံကျပ်တည်းဆင်းရဲ၊ ငတ်ပြတ်ကုန်မှ သူတို့ အာဏာရမယ်လို့တွက်ပြီး ပြည်သူလူထုကို ဒုက္ခပေးနေခြင်းသာ ဖြစ်တယ်။

NLDဟာပြည်သူ့ကိုယ်စားပြု၊ ပြည်သူ့ပါတီဖြစ်မလာဘဲ ပြည်သူဆန့်ကျင်ရေး၊ ပြည်သူဒုက္ခရောက်ရေးအတွက် အနောက်နှင့် အပေးအယူလုပ်ကာ ဒုက္ခပေးနေတာကိုပဲ တွေ့ရပါတယ်။ မိမိတို့အာဏာရ၊ အမေရိကန်ရဲ့ ဩဇာကိုနာခံ၊ ဒေသတွင်းမှာ ပြဿနာဖန်တီးရေးကိုသာ ရှေးရှုနေကြောင်း ၎င်းတို့ရဲ့ လုပ်ရပ်များက သက်သေခံနေပါတယ်။

၁၉၉ဝပြည့်နှစ် ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုပြီး လွှတ်တော်ခေါ် အာဏာလွှဲရေးကို ယခု ၂၀၀၆အထိ ၁၆နှစ်ကြာ နေ့စဉ်ညစဉ် ပြည်တွင်းပြည်ပ လက်ဝါးရိုက် ကုန်းအော်နေခဲ့ကြတယ်။ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းမှာ အမတ်များ ရွေးကောက်ရာမှာ လေးနှစ်သက်တမ်းအတွက်သာ သတ်မှတ်ထားပါတယ်။ (အချို့ ငါးနှစ်၊ အချို့ သုံးနှစ် သတ်မှတ်တဲ့ နိုင်ငံအချို့ရှိပါတယ်။ ရှားပါတယ်။) အာဏာမရမချင်း အမတ်သက်တမ်း တည်မြဲသည်ဆိုတဲ့ ရူးကြောင်ကြောင် အယူအဆမျိုး ကမ္ဘာမှာမရှိပါ။ ၁၉၉၂ခုနှစ်က အယ်လ်ဂျီးရီးယား ရွေးကောက်ပွဲမှာ အစ္စလာမ် အခြေခံပါတီအမတ်များက နေရာအားလုံးလိုလို အနိုင်ရခဲ့တယ်။ ၎င်းတို့က အယ်လ်ဂျီးရီးယားကို အီရန်ကဲ့သို့ အစ္စလာမ်မစ်သမ္မတနိုင်ငံ တည်ထောင်မယ်လို့ ကြေညာခဲ့တယ်။ အမေရိကန်က လက်မခံနိုင်ဘူး။ ဒါကြောင့် အယ်လ်ဂျီးရီးယားသမ္မတက ရွေးကောက်ပွဲရလဒ်တစ်ခုလုံးကို ပယ်ဖျက်ခဲ့တယ်။ မဲဆန္ဒရှင်ပြည်သူတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးတွေ အမှိုက်ပုံးထဲ ရောက်သွားခဲ့တာပါပဲ။ အမေရိကန်က အယ်လ်ဂျီးရီးယားနိုင်ငံကို ၁၉၉၂ခုနှစ် ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုဖို့ တစ်ခွန်းတစ်ပါဒမှ မပြောခဲ့ဘူး။ အဲဒီနိုင်ငံမှာ အဲဒီအချိန်ကစပြီး ပြည်တွင်းစစ်ဖြစ်ခဲ့ရတာ တွေ့ကြမှာပါ။

ပြည်တွင်းမှ NLD၊ ပြည်ပမှ ပြည်ပြေးတွေနဲ့ အနောက်အင်အားကြီး ကိုလိုနီလက်သစ်ဝါဒီတွေ ပြောပြောနေတဲ့ ဒိုင်ယာလော့ခ်ကတော့ တစ်မျိုးခင်ဗျ။ ပြည်သူတွေပါဖို့မလိုဘူး။ NLD ရယ်၊ အလားတူ တိုင်းရင်းသား NLD ရယ်၊ အစိုးရရယ်ပဲတွေ့၊ NLD ရဲ့ တောင်းဆိုသမျှကို လိုက်လျော (မလိုက်လျောရင် အစိုးရဘက်က မရိုးသားလို့၊ မမှန်ကန်လို့) ဆိုတဲ့ ဒိုင်ယာလော့ခ်။

မြန်မာနိုင်ငံမှာ ၁၉၉ဝ ပြည့်နှစ် ရွေးကောက်ပွဲမှာ အရွေးခံရသူများကို အခြေခံဥပဒေရေးဆွဲရမယ်လို့ ကြိုပြောခဲ့တယ်။ အရွေးခံရပြီးတော့လည်း ထပ်ပြောတာပါပဲ။ အခြေခံဥပဒေသာပြီးစီးခဲ့ရင် လွှတ်တော်ခေါ်အတည်ပြု၊ အခြေခံဥပဒေသစ်နဲ့အညီ သတ်မှတ် ကာလမှာ ရွေးကောက်ပွဲ လုပ်ရုံသာ ရှိပါတယ်။ NLD ကိုယ်စားလှယ်တွေဟာ အနောက်ရဲ့ညွှန်ကြားချက်၊ ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ အမျိုးသားညီလာခံမှ သပိတ်မှောက် ထွက်သွားခဲ့ကြတယ်။ ညီလာခံ ပျက်ရာပျက်ကြောင်း လုပ်ကြလာကြတယ်။ ပြည်ပအားနဲ့ ဒိုင်ယာလော့ခ် တောင်းဆိုကြတယ်။ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုကြတယ်။

၁၉၉ဝပြည့်နှစ် ရွေးကောက်ပွဲမှာ မဲဆန္ဒနယ် ၄၈၅ ခုအတွက် ရွေးကောက်ပွဲလုပ်ပေးခဲ့ရာ NLD က အကြောင်းအမျိုးမျိုးကြောင့် ၃၉၂နေရာ အနိုင်ရခဲ့တယ်။ အသေးစိတ် မတင်ပြတော့ပါ။ ညောင်မြစ်တူးလျှင် ပုတ်သင်ဥပေါ်လာမှာ (သူတို့အတွက်)စိုးရိမ်ရလို့ပါပဲ။ အခုအချိန် အဲဒီ NLD အရွေးခံကိုယ်စားလှယ်များအနက် ၃၄ဦးက တစ်သီးပုဂ္ဂလပြောင်း၊ ၃၉ဦးကွယ်လွန်၊ ၉၂ဦး နုတ်ထွက်၊ အရည်အချင်း ပျက်ကွက်သူ ၁၄၄ဦး ရှိလာပါတယ်။ ဒါ့ကြောင့် NLD အပိုင် အမတ်ဦးရေ ၈၃ဦးပဲ ကျန်ပါတယ်။ တခြားပါတီက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေပါထည့်ပေါင်းမှ ၁၂၄ဦးပဲရှိပါတယ်။ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်အားလုံးရဲ့ ၂၅ဒသမ၅၇ရာခိုင်နှုန်းသာရှိတော့တဲ့အတွက် လွှတ်တော်ခေါ်ဖို့ အရေအတွက် မပြည့်မီတော့ပါဘူး။

ဒီမိုကရေစီ ကျင့်စဉ်မှာ လူထုက ကိုယ်စားလှယ်များ ရွေးကောက်ခွင့်ရှိသလို မလိုလားအပ်တဲ့ ကိုယ်စားလှယ်တွေကို ပြန်ခေါ်(ဖြုတ်ချ)ခွင့်ရှိရပါတယ်။ Right of Recall လို့ သုံးနှုန်းပါတယ်။ ၁၉၉၈ခုနှစ်က မဲဆန္ဒနယ် ၄၈ခုက မဲဆန္ဒရှင်အများစု (၎င်းတို့ကို ရွေးကောက်စဉ်က မဲအရေအတွက်ထက် အလွန်များပြားသော မဲဆန္ဒရှင်တွေက)NLD အမတ်တွေကို Right of Recall အရ ပြန်ခေါ်ဖြုတ်ချခဲ့ပြီးပါပြီ။

NLD ဟာ အခြေခံဥပဒေသစ်ပေါ်ထွန်းလာရင် ကျင်းပမည့် ရွေးကောက်ပွဲကို ရင်မဆိုင်ရဲတာ ထင်ရှားပါတယ်။ ဒါ့ကြောင့် ခုနစ်ဆွေး၊ ရှစ်ဆွေးက အရွေးခံရလဒ်ကို ၁၆နှစ်တာ တွယ်ဖက်နေတာပဲ ဖြစ်ပါတယ်။ သူတို့အတွက် လူထုနည်းနဲ့ အာဏာမရနိုင်၊ အနောက်အားကိုးနဲ့မှ ရနိုင်မယ်ဆိုတာသိလို့ အနောက်ကိုပဲ တွယ်ဖက်အားကိုးနေတာပါ။NLD ဌာနချုပ် (ဟိုတုန်းကတော့ ဒေါ်စုကြည်အိမ်)ကို အမေရိကန်၊ ဗြိတိန်စတဲ့ အနောက်နိုင်ငံ သံတမန်တွေ ရေထွက်အောင် ဝင်ထွက်နေခဲ့ကြတယ်။ တလောက သတင်းစာဆောင်းပါးတစ်ပုဒ်မှာ တစ်လအတွင်း အနောက်သံတမန်တွေ ၅၉ခေါက် NLD ဌာနချုပ်ကို သွားတယ်လို့ ဖတ်ရပါတယ်။ အဲဒီ သံကြီးတွေလာရင် NLD ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကိုတောင် ရပ်ထားရပြီး သံတမန်နဲ့ တစ်ဦးချင်း တွေ့ဆုံကြတယ်လို့ အဲဒီဆောင်းပါးမှာ ဆိုပါတယ်။ “နေကောင်းကြရဲ့လား၊ လမ်းကြုံလို့ ဝင်လည်တာပါ”ဆိုတာမျိုးတော့ မဟုတ်တာသေချာပါတယ်။ ဒါဖြင့်ဘာလဲ–

အဲဒီလို အနောက်နိုင်ငံတွေနဲ့ ဆက်သွယ်၊ အနောက်မီဒီယာတွေ VOA, BBC, RFA, DVB စတဲ့ ပြည်ပြေးတွေကြီးစိုးရာ အသံလွှင့်ဌာနတွေကို NLDစင်မြင့်သဖွယ် သုံးနေတဲ့အတွက်ကြောင့်လည်း မြန်မာပြည်သူတွေက NLDဘာလဲဆိုတာ သိနေကြတာပါပဲ။ သူတို့က ဒိုင်ယာလော့ခ်စကား ပြောလွန်းလို့ တင်ပြပါရစေ။ **“အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်လာနိုင်ရန်အတွက် ဒေါ်စုကြည်အား နိုင်ငံတော်အကြီးအကဲက လေးကြိမ်၊ ဝန်ကြီးအဆင့် တာဝန်ရှိသူများက အကြိမ် ၂၀ တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ တွေ့ဆုံပြီးနောက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်နှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် NLD နှင့် ဒေါ်စုကြည်အား လက်တွေ့ အခွင့်အလမ်းများ အကြိမ်ကြိမ်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့သော် NLD နှင့် ဒေါ်စုကြည်အနေဖြင့် အမျိုးသားရေး အကျိုးစီးပွားကို ဦးစားပေးခြင်းမရှိဘဲ ပါတီနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အရေးကိုသာ ဦးစားပေးခဲ့သဖြင့် ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်း မရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိပါ”**ဆိုတဲ့ အမေရိကန်က ကုလသမဂ္ဂကိုအသုံးချတဲ့ လုပ်ရပ်အပေါ် ၁၈–၉–၂၀၀၆ ရက်နေ့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတို့ရဲ့ သဘောထားမှာ အတိအလင်း ဖော်ပြပြီးသားစာပိုဒ်ကို ကောက်နုတ်တင်ပြလိုက်ပါတယ်။

၁၉၆၃ခုနှစ်က တောတွင်းသောင်းကျန်းသူအဖွဲ့အားလုံးကို တော်လှန်ရေးကောင်စီက ဖိတ်ခေါ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ အကြီးအကျယ်ပြုလုပ်စဉ်မှာ တောတွင်းအဖွဲ့ များစွာဟာ ပြည်ပအားကိုးမှု၊ မိမိတစ်ပါတီအာဏာရမှုတို့ကို ရှေ့တန်းတင်ပြီး မဖြစ်နိုင်တာတွေ တောင်းဆိုခဲ့လို့ အဲဒီ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားခဲ့ရတယ်။ အခု NLDဟာလည်း အဲဒီတုန်းက သောင်းကျန်းအဖွဲ့တွေရဲ့ အာသာဆန္ဒမျိုး၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ အဝိဇ္ဇာအမှောင်တရား ဖုံးလွှမ်းနေတဲ့အတွက် နိုင်ငံတော်က ၎င်းတို့နဲ့ အကြိမ်အစိတ်လောက် စိတ်ရှည်လက်ရှည် ဒိုင်ယာလော့ခ်ခဲ့သော်လည်း ရလဒ်ကောင်းများ ပေါ်ထွက်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ကြောင်း ဆိုလိုက်ပါရစေ။ ။

30-9 (10)

မြန်မာနိုင်ငံအခြေအနေအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခြင်းသည် နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေသည့်အတွက် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ က ရှုတ်ချကန့်ကွက်

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၏
သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊၂၀၀၆ခု၊ စက်တင်ဘာလ(၂၅)ရက်။

၁။ မိမိတို့၏ ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)သည် ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

၂။ ထို့အပြင် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကိုလည်း ကြိုဆိုထောက်ခံပြီးဖြစ်ပါသည်။

၃။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ၁၅ရက်နေ့၌ မြန်မာနိုင်ငံအခြေအနေအား ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်နိုင်သည်ဟူသည့် စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခြင်းသည် နိုင်ငံတော်အစိုးရနှင့် မိမိတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အကျိုးပြုလုပ်ငန်းစဉ်များကို ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေပါသည်။

၄။ ဤဆုံးဖြတ်ချက်သည် ကျွန်ုပ်တို့အဖွဲ့အစည်းနှင့်တကွ ပြည်သူများ လက်တွေ့ခံစားနေရသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုရာရောက်ကြောင်း ထင်ရှားပါသည်။

၅။ ၎င်းဆုံးဖြတ်ချက်ဖြင့် အမေရိကန်မှ ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုအား လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ပါကြောင်း ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၏ သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးခွန်ချစ်မောင်
ဥက္ကဋ္ဌ
ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့
(ရလလဖ၊ S.N.P.L.O)

မန္တလေးမြို့ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ တည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ အလုံမြို့နယ် King Tower နေ ဦးစံမြင့်-ဒေါ်ဝင်းဝင်းသန်း ဦးဆောင်သည့် (၁၃/၂၀၀၅ အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ်၂၆၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင် ဆရာတော်ဒေါက်တာဝါယမနှင့် အရှင်မာမက (M.A)တို့ ရှေ့မှောက်၌လှူဒါန်းရာ အမှုဆောင် ဦးထွန်းရွှေက လက်ခံစဉ်။ (က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ကွန်ပျူတာသင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၂၉

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပြည့်) နှင့် ကွန်ပျူတာမွမ်းမံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း) သင်တန်းဆင်းပွဲတို့ကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ကွန်ပျူတာအခြေခံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပြည့်) သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအားလည်းကောင်း၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဆွေက ကွန်ပျူတာ မွမ်းမံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း) သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား လည်းကောင်း ဆုများနှင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းသင်တန်းများကို ရက်သတ္တ ခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသားသင်တန်းသူ ၅၉ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၅ ဒသမ ၀ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာစံတော်ချိန် ၂၁ နာရီ ၁၀မိနစ် ၂၀စက္ကန့် အချိန်တွင် ထားဝယ် မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင်၂၄၀ ခန့် ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၀အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။

(သတင်းစဉ်)

အဘိဓမ္မာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ပြည်သာယာဓမ္မာရုံတွင် သီတင်းကျွတ်လပြည့်နေ့ အရဏ်ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မွန်းတည့် ၁၂နာရီ၌ အဘိဓမ္မာအခါတော်နေ့ ကျင်းပပြီး အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၃ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပ၍ ပြည်သာယာကျောင်းတိုက် မဟာဘုံကထိန်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(၁၁၅)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျောက်တံတားမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၉)ရပ်ကွက် အမှတ် ၆၇ အနော်ရထာလမ်းနှင့် လမ်း ၄၀ထိပ် မြေညီထပ်နေ ဦးအောင်ညွန့်ပိုင် ပွင့်ဦး ပရိဘောဂဆိုင်တွင် လျှပ်စစ်မီးအပူလွန်ကဲရာမှ ယမန်နေ့ညက မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ပလတ်စတစ် မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုံး ပလတ်စတစ် ပစ္စည်းများ မီးလောင်ခံရ၍ ငွေကျပ် သိန်း၃၀ဖိုးခန့် ဆုံးရှုံးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောက်တိုဘာ ၇ရက်မှ ၁၅ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

အခမဲ့ကြည့်ရှုနိုင်

ပြိုင်ပွဲတွင် အမျိုးသား သုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများပါဝင်ပြီး ပိုက်ကျော်ခြင်း ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၉-၂၀၀၆ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ ရန်ကုန်တိုင်းပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ ပြည်တွင်းသတင်း
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"**(အပိုင်း-၁၈)
- ၁၃:၀၀ ၅။ **"စိတ်၏စေရာ ၃၀၂"** နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၁၄:၃၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၇။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊မောင်မောင်မျိုးသန့် (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၄:၄၅ ၈။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၄၅ ၄။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၃၀ ၆။ ဘဝနိဂုံးပြုံးပန်းတစ်ရာ
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၀။ Discovery
- ၁၉:၁၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ယောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၁၁)
- ၁၉:၅၀ ၁၂။ ပြည်သူတို့၏သဘောထား (အပိုင်း-၃)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"**(အပိုင်း-၂၃)

မုန်တိုင်းငယ် ဩရိဿကမ်းခြေ ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၂၉

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယသမ္မတနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကြေညာသည်။ (သတင်းစဉ်)

30-9 (10) 1 9/30/06, 1:30 AM

ပြည်ပအားကိုးအဆိုးမြင်လုပ်ရပ်များ ပြည်သူများ၏မြင်ကွင်း၌ ကွက်ကွက်ကွင်းကွင်းပုံပေါ်လာ လူထု၏သဘောထားနှင့်မကိုက်ညီ၍ ပြည်သူများအတွင်း NLD အား တုံ့ပြန်ဆန့်ကျင်လိုသည့် အနေအထားရှိ

● *ကျောဖုံးမှ*

အဆိုပါ NLD နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ခွင့်ပြုချက်တောင်းခံခဲ့စဉ်က လူ၅၀ထက်မပိုဘဲ ခန်းမအတွင်း၌သာကျင်းပရန် သတ်မှတ်သဘောတူခဲ့ကြောင်းသိရသည်။ သို့ရာတွင် လက်တွေ့၌ ပါတီဝင်၅၀၀ခန့် တက်ရောက်ခဲ့ကြပြီး ဌာနချုပ်ရုံးအပြင်ဘက်တွင် လူစုလူဝေးဖြင့်စုရုံး၍ စာတန်းများကိုင်ဆောင် ကြွေးကြော်အော်ဟစ်ကာ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းများကို ချိုးဖောက်ခဲ့ကြသော်လည်း သက်ဆိုင်ရာက သဘောထားကြီးစွာဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ကြောင်းနှင့် စက်တင်ဘာ၂၈ရက်နှင့် ၂၉ရက်တို့တွင်လည်း အဆိုပါဌာနချုပ်ရုံး၌ပင် NLDဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်၊ တိုင်း NLDစည်းရုံးရေးအဖွဲ့များ၏ အစည်းအဝေးများကို ဆက်လက်ကျင်းပနိုင်ခဲ့ကြောင်း ကိုယ်တိုင်တွေ့ရှိခဲ့ရသည်။

NLDပါတီသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက် ဖိအားပေးရန် အမေရိကန်အစိုးရအား အစဉ်တစိုက် တောင်းဆိုခဲ့သည်။ အမေရိကန်က မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းလုပ်ဆောင်မှုများ၌လည်း ပြည်ပရောက် ပြည်ပြေးအဖွဲ့များနှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ပူးပေါင်းကာ မဟုတ်မမှန် လုပ်ကြံသတင်းများ၊ ပုံသွင်း ပုံဖျက်ထားသော သတင်းများကို ပေးပို့လျက်ရှိသည်။ အမေရိကန်အစိုးရ၏ ဖိအားပေးတိုက်တွန်းမှုအရ မြန်မာ့အရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့မှုကိုလည်း ဝမ်းသာအားရ ကြိုဆိုခဲ့သည်။ ထို့အပြင် ၎င်းနှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည့် သဘာပတိမိန့်ခွန်းထဲ၌ပင် ယင်းကိစ္စဖြစ်မြောက်အောင် လုပ်ဆောင်ခဲ့သည့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်းနှင့် ရှေ့ဆက်လုပ်မည့်ကိစ္စများ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်အထိ ပြည်ပအားကိုးမှုလွန်ကဲကာ ရှေ့ရေးနောက်ရေးမထောက်ဘဲ အမျိုးသားရေးသစ္စာကို ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်နေကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ အမေရိကန်အစိုးရက မြန်မာ့ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်နှောင့်ယှက်ရန်အတွက် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချနေသည်ကို NLDပါတီက အလိုတူ အလိုပါသဘောဖြင့် ကြိုဆိုထောက်ခံနေသည်ကို မြင်တွေ့ ကြားသိနေရသော ပြည်သူများအတွင်း အမေရိကန်တို့အပေါ် မုန်းတီးဆန့်ကျင်မှု၊ NLD နှင့် အပေါင်းပါများအပေါ် စက်ဆုပ်ရွံရှာနှလုံးနာမှုများ ပိုမိုတိုးပွားလာလျက်ရှိကြောင်း ကြားသိရသည်။

ယခုအခါ NLDနှင့် အပေါင်းပါပြည်ပြေးများ၏ ပြည်ပအားကိုး အဆိုးမြင်လုပ်ရပ်များသည် အများပြည်သူတို့၏မြင်ကွင်း၌ တစ်နေ့တခြား ကွက်ကွက်ကွင်းကွင်း ပုံပေါ်လာနေကြောင်း၊ ယင်းလုပ်ရပ်များသည် သမိုင်းအစဉ်အလာကြီးမားသော မြန်မာပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်များ ပိုမိုနိုးကြားတက်ကြွလာစေရန် နှိုးဆွပေးရာရောက်နေကြောင်း ရေးမီနောက်မီပုဂ္ဂိုလ်များအတွင်း ဝေဖန်သုံးသပ်မှုများရှိနေသည်။

NLDသည် ပါတီ စတင်ဖွဲ့စည်းချိန်ကတည်းကပင် တာဝန်သိသည့် နိုင်ငံရေးပါတီတစ်ခုအဖြစ် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရေးရှုရပ်တည်နိုင်ရန် လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ဖိအားပေးရေးတို့ကိုသာ စဉ်ဆက်မပြတ် ပြုလုပ်လာခဲ့ကြောင်း၊ ယခုတစ်ကြိမ်သာမဟုတ်ဘဲ ယခင်အခမ်းအနားများ၌လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်ပြီး မင်းမဲ့စရိုက်အသွင်ပြုမူခဲ့သဖြင့် တာဝန်ရှိသူများက သဘောထားကြီးစွာဖြင့် အကြိမ်ကြိမ် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ ယခု နှစ်ပတ်လည်အခမ်းအနားကျင်းပရာ၌လည်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ အမျိုးသားရေး အကျိုးစီးပွားကိုပစ်ပယ်ကာ အနောက်အင်အားကြီးနိုင်ငံများအား ဆရာတင် ဂုဏ်ပြုဦးညွှတ်နေခြင်းကိုကြည့်လျှင် NLDသည် ၎င်းတို့၏ လွဲမှားနေသော အမူအကျင့်များကို ပြုပြင်ပြောင်းလဲနိုင်ခြင်း မရှိသေးသည်ကို သက်သေပြနေခြင်းဖြစ်ကြောင်း ပုဂ္ဂလိကစာနယ်ဇင်းသမားများအတွင်း၌လည်း ဝေဖန်ပြောဆိုနေကြသည်။

NLD၏ တာဝန်မဲ့လုပ်ရပ်များကိုသာ အမြဲမြင်တွေ့နေရသော ပြည်သူများကလည်း NLDသည် မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးကို NLD ပါတီ အာဏာရရေးအဖြစ်သာ ရှုမြင်နေကြောင်း၊ အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးတို့သည် ဒီမိုကရေစီဖော်ဆောင်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး တရားဝင်ပါတီတစ်ခု၏ လုပ်နည်းလုပ်ဟန်မဟုတ်ဘဲ မြေအောက်ပါတီတစ်ခု၏ လုပ်နည်းလုပ်ဟန်သာဖြစ်ကြောင်း၊ အမေရိကန်ပြောသမျှ လက်ညှိုးထောင် ခေါင်းညိတ်နာခံလုပ်ဆောင်နေခြင်းက NLDသည် ခေတ်သစ်ကိုလိုနီနယ်ချဲ့၏ ဩဇာခံနောက်လိုက် ဖြစ်နေသည်ကို ဖော်ပြနေကြောင်း၊ NLD သာ အာဏာရလာပါက မြန်မာနိုင်ငံသည်လည်း ခေတ်သစ်ကိုလိုနီကျွန်ဘဝသို့ ကျရောက်သွားမည်ဖြစ်ကြောင်း ဝေဖန်သုံးသပ် ပြောဆိုလျက်ရှိကြသည်။

ထို့အပြင် ပြည်ပဆရာကြီးများ၏ လုပ်ဆောင်မှုများနှင့်ချိန်ကိုက်၍ NLD က သတ်မှတ်လူဦးရေထက်ကျော်လွန်ပြီး အခမ်းအနားများ ကျင်းပလုံ့ဆော်လာခြင်း၊ ဆန္ဒပြပွဲအသွင်ဆောင်သော လှုပ်ရှားမှုများကို ရှေ့တိုးလုပ်ဆောင်လာခြင်းသည် ပြည်သူလူထု၏ သဘောထားနှင့် ကိုက်ညီမှုမရှိသဖြင့် ပြည်သူများအတွင်း NLDအား တုံ့ပြန်ဆန့်ကျင်ဆန္ဒပြလိုသည့်အနေအထားများ ရှိနေကြောင်း သိရသည်။ အလားတူ အမျိုးသားညီလာခံနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ပျက်ပြားအောင်၊ ပြည်ပအားကိုးပြီး မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီကျွန်ဘဝရောက်အောင် NLD ၏ ကျုံးသွင်းလုပ်ဆောင်နေမှုများကိုလည်း ဆန့်ကျင်တားဆီးတိုက်ဖျက်ချေမှုန်းသွားကြရန် ဆန္ဒများဖြစ်ပွားလျက်ရှိကြောင်း သတင်းများရရှိသည်။ **(က–ပ)**

ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ် တိုင်းပြည်နှင့်လူမျိုးတို့ ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံရေးလုပ်ရပ်ကိုသာ ရှေးရှုဆောင်ရွက်နေ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၅၁ဦးတို့ စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျုံစိန်ကျေးရွာမှ ဦးတိုးအောင်၊ ဦးအေးသိန်းနှင့် ဦးဖိုးလယ်တို့အပါအဝင် ပါတီဝင် ၁၄ဦး၊ သာကွင်းကျေးရွာမှ ဦးစံဌေး အပါအဝင် ပါတီဝင် သုံးဦး၊ ကွင်းကလေးကျေးရွာမှ ဦးလှဝင်းနှင့် ဦးကျော်၊ ဝါးခရယ်ကျေးရွာမှ ဦးသန်းညွှန့်၊ ဦးတင်အောင်နှင့် ဦးသောင်းရွှေတို့ အပါအဝင်ပါတီဝင်၁၅ဦး၊ ရွှေဘိုရေကျော်ကျေးရွာမှ ဦးမြင့်အေးနှင့် ဦးကြွေ၊ ဝဲကြီးဝကျေးရွာမှ ဦးတူနီ၊ ဦးသိန်းမြင့်နှင့် ဦးသိန်းရွှေတို့ အပါအဝင် ပါတီဝင်ရှစ်ဦး၊ ကွန်တိုင်းကျေးရွာမှ ဦးတင်သိန်း၊ ဦးမျိုးသန်းနှင့် ဦးဝင်းကြည်တို့ အပါအဝင် ပါတီဝင် ငါးဦး၊ ပျဉ်းမငူကျေးရွာမှ ဦးခင်ကျော်နှင့် ဦးကြူခင်တို့အပါအဝင် စုစုပေါင်း ပါတီဝင် ၅၁ဦးတို့သည် စက်တင်ဘာ ၄ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကြကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ ပါတီဝင် ၅၁ဦးတို့၏ နုတ်ထွက်လွှာတွင် NLDပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုးတို့ ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်ကိုသာ ရှေးရှုဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် NLDပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့ကြောင်း၊ ထို့အပြင် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၈၀ — မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား

ရွန်နေအား ယူရို ၂၀၀၈ ခြေစစ်ပွဲများ၌ ထည့်ကစားမည်

အင်္ဂလန်နည်းပြမက်ကလာရင် ထုတ်ဖော်ပြောကြား

လန်ဒန် စက်တင်ဘာ ၂၉

မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေအား လာမည့်လ၌ ယူရို ၂၀၀၈ ခြေစစ်ပွဲများတွင် အင်္ဂလန်အသင်း၌ ထည့်သွင်းကစားမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က ထုတ်ဖော်ပြောကြားလိုက်သည်။

ရေးသားတင်ပြသူ

မြင့်မောင်စိုး

ယှဉ်ပြိုင်မည်

အင်္ဂလန်အသင်းသည် အောက်တိုဘာ ၇ရက်တွင် မက်ဆီဒိုးနီးယားအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၁ရက်တွင် ခရိုအေးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရွန်နေသည် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် အနီကတ်ဖြင့် ထွက်ခဲ့ရပြီးနောက် အင်္ဂလန်အသင်းတွင် ပထမဆုံး ပါဝင်ကစားရမည်ဖြစ်သည်။

မပါဝင်နိုင်

သို့သော်လည်း ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်နှင့် ဒူးဒဏ်ရာရထားသော လင်နွန်တို့ ပါဝင်နိုင်ဖွယ် မရှိဟု ဆိုသည်။

မန်ချက်စတာယူနိုက်တက်မှ မိုက်ကယ်ကာရစ် သို့မဟုတ် နယူးကာဆယ်မှ စကော့ပတ်ကားကို ကွင်းလယ်ကစားသမားအဖြစ် လျာထားသည်။ သို့သော်လည်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းကို ပြန်မခေါ်တော့ဟု ဆိုသည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၀၈ ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(င)တွင် ခြောက်မှတ်ရရှိထားသည်။ သို့သော်လည်း အစ္စရေးအသင်းသည်လည်း အမှတ်တူဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**

ယူရို ၂၀၀၈ ခြေစစ်ပွဲများတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားမည့် မန်ချက်စတာ ယူနိုက်တက်အသင်း၏ ရှေ့တန်းတိုက်စစ်မှူး ဝိန်းရွန်နေ။
(ဓာတ်ပုံ-အင်တာနက်)

အာစင်ဝင်းဂါးအား နည်းပြတာဝန်ဆက်ယူရန် ကမ်းလှမ်း

လန်ဒန် စက်တင်ဘာ ၂၈

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အာဆင်နယ်နည်းပြအဖြစ် အသင်းတွင် လုပ်ကိုင်လာခဲ့သည်မှာ ၁၀ နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး
(ဓာတ်ပုံ-အင်တာနက်)

ကတိပြု

၎င်းအား ဂုဏ်ပြုသည့် ၁၀နှစ်ပြည့် အခမ်းအနားတွင် အာစင်ဝင်းဂါးအား အာဆင်နယ်နည်းပြအဖြစ် ဆက်လက် ခန့်ထားမည်ဖြစ်ကြောင်း အာဆင်နယ်ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်းက ကတိပြုပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အာစင်ဝင်းဂါးအား နည်းပြဆက်လုပ်စေလိုကြောင်း၊ ပြီးခဲ့သော ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးခဲ့၍ ယုံကြည်မှုအပြည့်အဝရှိကြောင်း ဒေးဗစ်ဒိန်းက ပြောကြားသည်။

တစ်ဖန် အသက် ၅၇နှစ်ရှိပြီဖြစ်သော အာစင်ဝင်းဂါးကလည်း မိမိအနေဖြင့် အနားယူရန် လုံးဝမစဉ်းစားသေးကြောင်း၊ တက်ကြွနေသော လူငယ်ကစားသမားများနှင့်အတူ ဆက်လက်အောင်ပွဲခံရန် လိုလားကြောင်း ပြောကြားသည်။

ဝင်းဂါးသည် အာဆင်နယ်၏ နည်းပြအဖြစ် ၁၀ နှစ် တာဝန်ယူစဉ်အတွင်း ဖလားခုနစ်လုံး ရယူပေးနိုင်ခဲ့သည်။ ယင်းတို့တွင် ပရီမီယာလိဂ်ဖလားသုံးကြိမ်နှင့် အက်ဖ်အေဖလားလေးကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

အိုင်ယာလန်မှ လန်းဒေါင်းရုပ်ဒ်ကွင်းသစ်ကြီး ချန်ပီယံလိဂ် ပွဲများအတွက် တည်ဆောက်

ဒတ်ဘလင် စက်တင်ဘာ ၂၈

ဒတ်ဘလင်မြို့၌ တည်ဆောက်လျက်ရှိသည့် လန်းဒေါင်းရုပ်ဒ် ကွင်းသစ်ကြီးတွင် လာမည့်ချန်ပီယံလိဂ် သို့မဟုတ် ယူအီးအက်ဖ်အေ ဖိုလ်လုပွဲများကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လန်းဒေါင်းရုပ်ဒ် ကွင်းသစ်ပုံစံ။ (ဓာတ်ပုံ-အင်တာနက်)

အိုင်ယာလန် ဘောလုံးအသင်းနှင့်အတူ အစည်းအဝေးတစ်ရပ်ကျင်းပပြီးနောက် ယူအီးအက်ဖ်အေက အထက်ပါအတိုင်း ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၈ရက်က ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

ပရိသတ်ပေါင်း ၅၀၀၀၀ဆံ့သည့် အဆိုပါ ကွင်းသစ်ကြီးကို ၂၀၀၉ခုနှစ်တွင် အပြီးတည်ဆောက်နိုင်လိမ့်မည်ဟု သက်ဆိုင်ရာက ခန့်မှန်းထားသည်။ အိုင်ယာလန် အစိုးရက ၎င်းကွင်းသစ်ကြီး တည်ဆောက်ရာတွင် ယူရို ၁၉၁ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲဆက်လက်ကစား ပါလာမို၊ ဘလက်ဘန်းနှင့်ချီယေးဗိုတို့ နိုင်ပွဲများရရှိ

လန်ဒန် စက်တင်ဘာ ၂၉

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၂၈ ရက်က ဆက်လက်ကစားရာ ပါလာမိုက ဝက်စ်ဟမ်းကို အနိုင်ရပြီး ဘလက်ဘန်းကလည်း အက်စ်ဗီဆယ်ဇ်ဘတ်ကို အနိုင်ရရှိကာ တော့တင်ဟမ်က ဆယ်ဗာဗီရာပါရာဂွေးကို အနိုင်ရရှိခဲ့သည်။

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဘလက်ဘန်းနှင့်အက်စ်ဗီဆယ်ဇ်ဘတ်

၃း၅း၂ ပုံစံဖြင့်ကစားသော ဘလက်ဘန်းတို့က အက်စ်ဗီဆယ်ဇ်ဘတ်အပေါ် ဖိဖိစီးစီး ကစားနိုင်ခဲ့ရာ ဘလက်ဘန်းတိုက်စစ်မှူးများဖြစ်သော နွန်ဒါနှင့် မက်ကာသေးတို့ကို အက်စ်ဗီဆယ်ဇ်ဘတ် ခံစစ်မှူးများ မဟန့်တားနိုင်မှုကြောင့် ဘလက်ဘန်းတိုက်စစ်မှူး မက်ကာသေးက ပွဲချိန်၃၂မိနစ်တွင် တစ်ဂိုး၊ ဘလက်ဘန်းကွင်းလယ်ကစားသမား ဘင့်တ်လေးက ၅၆မိနစ်တွင်တစ်ဂိုး ဆက်တိုက် သွင်းယူခဲ့သည်။

ချီယေးဗိုနှင့် ဘီရာဂါတို့ပွဲတွင် ချေယေး ဗို မှ နောက်ခံ လူမင် ဒယ် လီ (အပေါ်)**ခေါင်းတိုက် ဖျက်ထုတ်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အက်စ်ဗီဆယ်ဇ်ဘတ်တိုက်စစ်မှူးများက ချေပဂိုး တစ်ဂိုးမျှ ပြန်မသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပါလာမိုနှင့် ဝက်စ်ဟမ်း

ပထမအကျော့ ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသော ဝက်စ်ဟမ်းတို့ ယခုဒုတိယအကျော့ ပွဲစဉ်တွင်လည်း သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဝက်စ်ဟမ်းတိုက်စစ်မှူးများဖြစ်သည့် တီဗက်ဇ်၊ ဟီရာဝုဒ်နှင့် ကာလ်တန်ကိုးတို့ ခြေစွမ်းမပြနိုင်သဖြင့် ပါလာမိုကို ချေပဂိုးတစ်ဂိုးမျှ ပြန်မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ပါလာမိုတို့က ပွဲချိန်တစ်ချိန်လုံး ဖိကစားထားခဲ့ရာမှ ၃၅မိနစ်နှင့် ၆၂မိနစ်တွင် ပါလာမိုကွင်းလယ်ကစားသမား ဆမ်ပလီစီရိုက တစ်ဦးတည်း နှစ်ဂိုး ဆက်တိုက် သွင်းယူခဲ့ပြီး တတိယဂိုးကို ပါလာမိုတိုက်စစ်မှူး ဒေးဗစ်ဒီမစ်ချယ်လီက ၆၈မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပါလာမိုတို့ အဝေးကွင်း အိမ်ကွင်း နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုးဖောက်ကစား

ဝက်စ်ဟမ်းမှ တီဗက်ဇ် (ဝဲ) **၏ ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ-အင်တာနက်)

ချီယေးဗိုနှင့် ဘီရာဂါ

ပထမအကျော့ ပွဲစဉ်၌ နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသော ချီယေးဗိုတို့ ယခုပွဲ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အလယ်တန်းငါးဦးအထိ ထားကစားခဲ့သော ချီယေးဗိုသည် ဘီရာဂါတိုက်စစ်ကို ကွင်းလယ်မှ ဖြတ်တောက်ဟန့်တားနိုင်ခဲ့ပြီး ထိုးဖောက်တိုက်စစ်ဆင်ရာမှ ပွဲချိန် ၃၇မိနစ်တွင် ချီယေးဗိုတိုက်စစ်မှူး တီရီဘိုချီက တစ်ဂိုးနှင့် ဂိုးဒတ်စ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဘီရာဂါ၏ ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၁၀၄မိနစ်၌ ဝမ်းဒါက သွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ဘီရာဂါတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘလက်ဘန်းနှင့် အက်စ်ဗီဆယ်ဇ်ဘတ်တို့ပွဲတွင် ဘလက်ဘန်းမှ နွန်ဒါ (ယာ) **ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ-အင်တာနက်)

အနိုင်ရရှိ

တော့တင်ဟမ်နှင့် ဆယ်ဗာဗီရာပါရာဂွေးတို့ပွဲတွင် တော့တင်ဟမ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရိန်းဂျားနှင့် မိုလ်ဒေးတို့ပွဲ၌ ရိန်းဂျားက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲရလဒ်များ

ပါးမား	၁ - ၀	ရူဘင်ကာဇန်
ဇူလ်တီဝါရီဂမ်	၂ - ၀	လိုကိုမိုတစ်ဗ်
နယူးကာဆယ်	၂ - ၁	အက်ဖ်စီလီဗာဒီရာတယ်လင်း
စပါတူပါရာဂွေး	၀ - ၀	ဟက်တ်စ်
ဘေယာလီဗာကူဆင်	၃ - ၀	အက်ဖ်စီဆွန်
အက်ဖ်စီဆီဗီလာ	၄ - ၀	အက်တရိုမီတော့စ်
ပီအက်စ်ဂျီ	၂ - ၀	ဒေရီစီးတီး။

(အင်တာနက်)

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အထူးရိုက်ကူးစီစဉ်တင်ဆက်သည်

ဒါရိုက်တာ အကယ်ဒမီများရှင် စင်ရော်မောင်မောင်၏ ထူးခြားသည်ဆိုသော ဇာတ်ကားများထက် ပို၍ဆန်းသစ်သော အနုပညာ အတွေးအခေါ် ဇာတ်လမ်း၊ ရိုက်ညွှန်းရိုက်ချက်တို့နှင့် ခေတ်အမီဆုံး စီစဉ်ရိုက်ကူးတင်ဆက်လိုက်သည်။ ရုပ်ရှင် ဗီဒီယို အနုပညာချစ်သောပရိသတ်များ ယခုကဲ့သို့ ဘယ်သောအခါမှ ရှုမြင်ခံစားဖို့ရာ မရနိုင်သည့် တန်ဖိုးအရှိဆုံး ဇာတ်ကားကောင်းတစ်ကားကို **ဧွေးမြန်မာ** ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိပေးလိုက်သည်။

၂–၁၀–၂၀၀၆ရက် (တနင်္လာနေ့) မဟာရန်ကုန် ဖြန့်ချိပါမည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ကျိုက်ထိုမြို့ (မွန်ပြည်နယ်)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့) ၆–၁၀–၂၀၀၆ရက်မှ (၁၃၆၉ခုနှစ် ကဆုန်လပြည့်နေ့) ၃၀–၄–၂၀၀၇ရက်အထိ ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း၊ ဂေါပကအဖွဲ့၊ ကျိုက်ထိုမြို့။





သန်လျင်မိုးကုတ်ရိပ်သာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ်၂၄ သိပ္ပံလမ်း အုတ်ဖိုစု ရပ်ကွက် မိုးကုတ် ဝိပဿနာ အဖွဲ့ခွဲ အမှတ် ၁၂၆၏ (၆၈) ကြိမ်မြောက် သီတင်းကျွတ်တရားစခန်းပွဲကြီးကို သီတင်းကျွတ်လပြည့်ကျော် ၄ရက်မှ ၁၀ရက် (အောက်တိုဘာ၁၀ရက်မှ၁၆ရက်) အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် ရန်ကုန်မြို့ မြန်အောင်ကျောင်း ဆရာတော် ဦးဓမ္မနန္ဒ (အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ)နှင့် နယ်လှည့်ဓမ္မကထိက ဆရာကြီး ဦးကျော်နိုင်(မန္တလေး) တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ပြီး ဆရာတော်၏ ခန္ဓာဝန်ချပွဲကို အောက်တိုဘာ၄ရက်တွင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် လှူဒါန်းလိုသူများ ဖုန်း ၀၅၆–၂၁၃၈၈၊ ၂၁၄၇၈၊ ၂၁၆၉၈၊ ၂၁၆၅၀၊ ၂၁၂၂၇တို့သို့ ဆက်သွယ် စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးဆန်းဦး ၁၂/မဂဒ(နိုင်)၀၄၃၀၅၄နှင့် ဒေါ်ပပဝင်း ၁၂/သဃက(နိုင်)၀၄၀၄၁၅တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၃–၉–၂၀၀၆ရက်တွင် အကြင်လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းပြတ်စဲပြီးပါ၍ နောက်နောင် ၎င်းနှင့်ပတ်သက်၍ကိစ္စများ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဆန်းဦး
၁၂/မဂဒ(နိုင်)၀၄၃၀၅၄။



ရောင်းရန်ရှိသည်

(၁) မြေဧက ၇၀ရှိသော ဥယျာဉ်တစ်ခု။
(၂) ၎င်းဥယျာဉ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့တွင် တည်ရှိသည်။
(၃) ကမ္ဘာလှည့်ခရီးသွားများ ခရီးစဉ်တွင်ပါသော မြို့ဖြစ်သည်။
(၄) ၎င်းဥယျာဉ်တွင် လိမ္မော်နှင့် ပျားလိမ္မော်အပင် ၃၅၀၀၊ စိန်တစ်လုံးသရက်ပင် ၃၀၀၀၊ လက်ဖက်ပင် ငါးဧက၊ နှစ်ထပ်တိုက် တစ်လုံး၊ တစ်ထပ်တိုက်အသေး နှစ်လုံးပါရှိသည်။
(၅) ၎င်းဥယျာဉ်ရှေ့တွင် ဧက ၅၀၀ခန့်ရှိသော ရေကန်ရှိပြီး မနီးမဝေးတွင် ဇော်ဂျီချောင်း စီးဆင်းနေသည်။

ဆက်သွယ်ရန်ဖုန်း–၀၁–၂၉၅၈၀၆၊ ၀၅၄–၂၄၂၁၇။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Sales Promoter (Female)

- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး
- အသက်(၂၅)နှစ်အောက်
- ရုပ်ရည်သန့်ပြန့်ပြီး စကားအပြောအဆို ပြေပြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- နယ်သို့ခရီးထွက်၍ တာဝန်ထမ်းဆောင်နိုင်ရမည်။
- ရိုးသားကြိုးစား၍ အလုပ်ကိုတာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်။
- လျှောက်ထားလိုသူများသည် ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်၊ ပညာရေးမိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူတို့နှင့်တကွ ၂–၁၀–၂၀၀၆ရက် မွန်းလွဲ ၁နာရီတွင် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Doaru Cosmetics, Glorin Hair Care Products

အမှတ် ၁၃၁/၁၃၃၊ ၃(ဘီ)၊ ဒုတိယထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ဖုန်း–၂၀၀၉၅၅၊ ၂၀၂၅၈၃။

သံတွဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကြီးမှူး အခြေခံစစ်ရေးပြနှင့် ဘာသာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

သံတွဲ စက်တင်ဘာ ၂၆

သံတွဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်သော အခြေခံစစ်ရေးပြနှင့် ဘာသာရပ်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ရက် နံနက် ၉နာရီက သံတွဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဖြူက သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဖြူက သင်တန်းသားများသို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီနှင့်ကျိန္တလီမြို့နယ်များမှ ဝန်ထမ်း ၂၂ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပလောက်မြို့၌ အရန်သားဖွားသင်တန်းဖွင့်

ပလောက် စက်တင်ဘာ ၁၀

မြိတ်ခရိုင် ပလောက်မြို့၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက်က ပလောက်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်မြင့်နှင့် အုပ်ချုပ်ရေးမှူး ဦးဌေးအောင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး **(ယာပုံ)** မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာပြုံးချိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ပလောက်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူများတက်ရောက်ကြပြီး သင်တန်းကာလမှာ စာတွေ့သုံးလနှင့် လက်တွေ့သုံးလ စုစုပေါင်း ခြောက်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြော မိတ္ထီလာ အထက (၆)သို့ စာအုပ်မျိုးစုံလှူဒါန်း

မိတ္ထီလာ စက်တင်ဘာ ၁၀

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဟောပြောပွဲကို ဩဂုတ် ၂၃ရက် နံနက်၁၀နာရီက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဖလံကျင်းကျေးရွာတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထိန်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဖိုးညဏ်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို ရှင်းလင်း ဟောပြောပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၁၀၀ကို အမှတ်(၆) အထက ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတို့ကို ခင်းကျင်းပြသကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကွဲပွဲဈေး အတွင်းအပြင်ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းတူးဖော်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့်ဈေးအတွင်းသားငါးရောင်းချနေမှုတို့ကို စက်တင်ဘာ၃ရက်က ဈေးတာဝန်ခံ၊ ဈေးအကျိုးဆောင်များနှင့် အဖွဲ့ဝင်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးတင်ရှိန်ကြီးကြပ်စစ်ဆေးစဉ်။ (၁၁၆)

ရခိုင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် စက်တင်ဘာ ၂၁ ရက်ကမင်းပြားမြို့ စမ္ဗလေ ကျေးလက်လမ်းခင်းရန် ကျောက်ခွဲစက်ဖြင့် ကျောက်များခွဲနေမှုကို ကွင်းဆင်းစစ်ဆေးရာအမှုဆောင် အရာရှိ ဦးဘုန်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်ရွက်မည့် နည်းလမ်းများဆွေးနွေး

ဟားခါး စက်တင်ဘာ ၂၆

ဟားခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် စက်တင်ဘာ ၁၂ရက်မှ ၂၄ရက်အထိ ကျေးရွာရှစ်ရွာရှိ စာကြည့်တိုက်များသို့ သွားရောက်၍ စာကြည့်တိုက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမန်းစိန်နှင့် ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး စာကြည့်တိုက်ထူထောင်ရာတွင် လိုအပ်သောအင်္ဂါရပ်များနှင့် ပြည့်စုံရေး၊ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေးကြသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက မိမိကျေးရွာစာကြည့်တိုက် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများကို ပြန်လည်ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စာကြည့်တိုက် လုပ်ငန်းများနှင့် စာအုပ်စာတမ်းထိန်းသိမ်းနည်းများကို ကျေးရွာစာကြည့်တိုက်မှူးများအား ရှင်းလင်းပြသကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းယန်းမြို့၌ စုပေါင်းသန့်ရှင်း

မိုင်းယန်း စက်တင်ဘာ ၁၀

မိုင်းယန်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း ရေမြောင်းများမှ အမှိုက် များ၊ ရေဆိုးရေညစ်များ ဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ကြရာ စက်တင်ဘာ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦး ကြီးကြပ်၍ ဆောင်ရွက်ပေးသည်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ခုနှစ်
(သီတင်းကျွတ်လဆန်း ၁၀ ရက်)
၁-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော်(မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀	သုတစုံစွာသိမှတ်စရာ (ရွှေရွှေပြေးခြင်း-သိပ္ပံမှူးတင်)
၁၁:၁၅	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (မြေဆီလွှာထိန်းသိမ်းရေးအကြောင်း)
၁၁:၃၀	မေတို့တွက်တာ အလှကမ္ဘာ (ဖုန်းလေးတစ်ချက်သာ ဆက်လိုက်ပါ)
၁၁:၄၅	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) စကားပြောကောင်းတဲ့ မသည်းအူ (ကိုသန်းလှိုင်) (၂) မောင်မုန်းနေလဲရပါတယ် (မေယုမော်) (၃) မောင့်မေတ္တာ အလျော်ပြန်ပေး (ဟသ်ာတထွန်းရင်)
၁၂:၀၀	ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (သီတင်းကျွတ်ပြီလေ)
၁၂:၃၀	ဇာတ်လမ်းပမာနားဆင်စရာ (ကြယ်စင်လေးရဲ့ ကောင်းကင်ပြာ)
၁၃:၁၀	ယဉ်ကျေးမှုအနုပညာ (တကောင်းရှေးဟောင်းယဉ်ကျေးမှု အမွေနယ်မြေသို့ တစ်ခေါက်) (ဒေါက်တာ ဦးဖေညာဏ်)

ညနေပိုင်း

၁၆:၂၅	ထီပေါက်စဉ်
၁၇:၀၀	တေးသံစုံ (အားသစ်မာန်အဖွဲ့၏ တေးသံစုံ)
၁၇:၁၅	မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (တိုးတက်ရေးဦးစိန်) (ညွှန့်ဟံ-ကြူတော)
၁၇:၃၀	သူ့အလှည့် (ဂီတာစိမ်းမောင်)
၁၈:၂၅	**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (အမျိုးသား)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့်ကာလပေါ်တေးများ) (၁) ဗုဒ္ဓဂုဏ်ရည် ခြောက်ရောင်ခြည် (ကိုမင်းနောင်) (၂) စာဆိုစစ်သူ (စန္ဒရားထွန်းညွှန့်) (၃) ရွှေတိဂုံသမိုင်း(ဒေါ်ကြည်အောင်)**
၁၉:၁၅	အသံလွှင့်ဇာတ် (အကကောင်းပါသည်ကြိုင်)
၂၀:၃၀	အင်္ဂလိပ်စကားပြောကြမယ် English Lesson Working Knowledge
၂၀:၄၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ချစ်သူ့နယ်မြေ (မြို့တော်ဝင်းဝင်းမြတ်) (၂) အချစ်လေ့ကလေးမှောက်မှာ စီးတယ် (ခင်မောင်လွင်) (၃) မြရယ် အတွေးရယ် သံသရာရယ် (ခင်ဝင်းမော်)

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းအမျိုးသားအာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းကို စက်တင်ဘာ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့တို့ စုပေါင်းကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၁၉၆ (မြေညီထပ်) နေ ဦးမောင်လှ–ဒေါ်နန်းလီ၊ သားသမီး မြေးမိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မိုင်းဆတ်မြို့ ၁၀ မိုင်ကျေးရွာ ရေပေးရေး အုတ်ရေကန်ဖွင့်

မိုင်းဆတ် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းဆတ်–မိုင်းတုံလမ်းပေါ်ရှိ ၁၀ မိုင်ကျေးရွာတွင် ကျေးလက်ရေပေးရေး အုတ်ရေကန်ဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ ရွာလမ်းဆုံ အများသုံးအုတ်ရေကန်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းက ရေပေးရေးလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် အမှူဆောင်အရာရှိ ဦးတင့်ဝေ(ဦးစီးအရာရှိ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါရေပေးရေးမှာ ကျေးရွာနှင့် ပေ ၁၁၀၀ ကွာဝေးသော စိမ့်စမ်းရေထွက်မှ ရွာလမ်းဆုံတွင် အများသုံးအုတ်ရေကန်သို့ သွယ်ယူကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ပန်းစိုက်ပျိုး

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်လမ်း တစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ဩဂုတ် ၂၇ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှူဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး အခြေခံသင်တန်း ကျောက်ပန်းတောင်း၌ဖွင့်

ကျောက်ပန်းတောင်း စက်တင်ဘာ ၅

ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြက်ဆူဆီဖြင့် ကျေးလက်စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး အခြေခံသင်တန်း အမှတ်စဉ် (၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမှူဆောင်အရာရှိ ဦးဌေးဝင်းက မြို့နယ်အတွင်း စက်ရေတွင်းများ တူးဖော်ပေးမှု၊ ရေရယူသုံးစွဲမှုနှင့် သင်တန်းဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ စက်ရေတွင်းများမှ ကျေးရွာစက်ကိုင်တာဝန်ခံ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အင်ဂျင်များ၊ ရေစုပ်ပန့်များ၊လေမှုတ်စက်၊ဒိုင်နမိုနှင့် စက်ခလုတ်ခုံများ စနစ်တကျ ကိုယ်တွယ်ထိန်းသိမ်းစောင့်ရှောက်ရေးများ သင်ကြားကြသည်။

(ဝ၆၁)

မန်ဟီးရိုးမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း ဒေသဝမ်းစာဖူလုံရေး တိုးချဲ့စိုက်ပျိုး

မူဆယ် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မန်ဟီးရိုးမြို့အတွင်း မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကွင်းအမှတ် ၂၅ ဦးပိုင်အမှတ် ၄၂ တောင်သူကြီး ဦးယီးခမ်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက မိုးစပါး တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိရေး ကြိုးကြပ်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက စပါးအထွက်နှုန်း တိုးတက်ရေး၊ ဒေသဝမ်းစာစပါးဖူလုံရေး၊ ဘိုင်အိုဒီဇယ်အတွက် ခြံစည်းရိုးကြက်ဆူတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စက်ယန္တရားများဖြင့် မိုးစပါးစံကွက် ရိတ်သိမ်းခြွေလှေ့နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြရာ တစ်ဧက ၂၅ဒသမ ၃၃တင်း ထွက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြစ်ကြီးနားမြို့ ကချင်စု ရပ်ကွက် လမ်းသွယ် (၁၃) လဖ စက်လှေဆိပ်ကမ်းလမ်း ကတ္တရာခင်း ဆောင်ရွက်မှုကို စက်တင်ဘာ ၂ ရက်က အမှူဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင် ဂျင် နီ ယာ မှူး ဦးသိန်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဆံကေသာအလှပြိုင်

ပခုက္ကူ စက်တင်ဘာ ၁၅

ပခုက္ကူ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် ဆံကေသာအလှပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက် ည ၆ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှရီက မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု မြတ်နိုးထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချိုချိုဝင်းက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် မမေသဥ္ဇာဖြိုး(ပခုက္ကူ)ကပထမ၊ မဟေမာန်ဝင်း(ရေစကြို)ကဒုတိယ၊ မလှိုင်ဖြူဖြူကျော်(ပေါက်)ကတတိယ ရရှိကြပြီး ဆံကေသာအလှပြိုင်ပွဲတွင် မဌေးဌေးမော်(မြိုင်)ကပထမ၊မရာဇာလင်းမြင့်အောင်(ပခုက္ကူ)ကဒုတိယ၊ မထွေးထွေးမှီ(ပေါက်)ကတတိယရရှိကြသည်။

(၄၁၃)

ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အမှူဆောင်အရာရှိ ဦးကြည်စိုး ဦးဆောင်၍ သားငါးတန်းနှင့် မုန့်ဆိုင်များ ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချခြင်းရှိ မရှိ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းပါဝင်သောဆားများ ရောင်းချရေးတို့ကို စမ်းသပ်စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ဟသ်ာတမြို့နယ်၌ ဆေးပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်း

ဟသ်ာတ စက်တင်ဘာ ၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစီအစဉ်ဖြင့် အရင်းမပျောက် မတည်ငွေနှင့် ဆေးပဒေသာပင် စိုက်ထူရေးထောက်ပံ့ငွေကျပ် ၇၆ သိန်းကို ဟသ်ာတမြို့နယ်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ဆေးရုံနှင့် တိုင်းရင်းဆေးပေးခန်းများသို့ အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ဟသ်ာတမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အရင်းမပျောက်မတည်ငွေနှင့် ဆေးရုံ၊ တိုင်းရင်းဆေးပေးခန်းများသို့ ဆေးပဒေသာပင် အလှူငွေများ ပေးအပ်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသုံးကျောင်းအတွက် ငွေကျပ်နှစ်သိန်းစီကိုမြို့နယ်ပညာရေးမှူးသို့လည်းကောင်း၊ ဆေးရုံကြီးအတွက် ငွေကျပ်သိန်း ၂၀ ကို ဆေးရုံအုပ်ကြီး ဦးစိုင်းလှသို့လည်းကောင်း **(အပေါ်ပုံ)** တိုက်နယ်ဆေးရုံ လေးရုံအတွက် ငွေကျပ် ၁၀ သိန်းစီနှင့် တိုင်းရင်းဆေးပေးခန်းနှစ်ခုအတွက် ငွေကျပ်ငါးသိန်းစီတို့ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

Ko Aw
ဖုန်း: ၅၄၀၇၁၄

M.A.E Education Centre
We Commence varities of IELTS Course :
(1) IELTS Foundation Course
(2) CORE IELTS Courses
(3) Speaking and Writing for IELTS Plus..
(4) Practice for IELTS
(5) Basic Spoken & Basic Grammar
(6) G.C.E 'O' Courses.
Contact : 5th Flr., Rm.535, Asia Plaza, Bogyoke Aung San Rd. Kyauktada T/S,Yangon.
Phone : 391078/391106 Ext:822,705158

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် တခလ/၃၄၉၈ ဟွန်ဒါဝေ့ဗ် လက်ဝယ်ရှိသူ ဦးစိုင်းကျော်စိုး ၁၃/ကမန(နိုင်)၀၉၁၈၅၅ က (ကမ-၃)မိတ္တူ ပျောက်လျှောက်ထားလာပါ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊(တာချီလိတ်)။**

မွေးသက္ကရာဇ်အမှန်

အဖဦးအောင်ကြည်၏သား အထက (၃) ဒဂုံမြို့သစ်(မြောက်ပိုင်း) Grade-10 (F) မှ မောင်ရဲလင်းမောင်၏ မွေးသက္ကရာဇ်အမှန်မှာ၁၄-၁၀-၁၉၉၂ ဖြစ်ပါကြောင်း။

အမည်ပြောင်း

တာချီလိတ်မြို့ အထက သတ္တမတန်း(D)မှ ဦးတိုးမြင့်၏သမီး မအေးသန္တာတိုးအား မအေးသန္တာဟု ပြောင်းလဲခေါ်ပါရန်။

မအေးသန္တာ။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၁၇၂၇ Yuan Dayd 100 မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးလှမျိုးနိုင် ၁၃/လရန(နိုင်) ၀၀၅၀၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး၊(လားရှိုး)။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၅၃၃၅ Yamaha DT 125 ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးစိုင်းနော်ဆိုင် ၁၃/နခန(နိုင်)၀၀၀၃၉၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး၊(လားရှိုး)။

ဖိုးညီလေးအတွက် မွေးနေ့ဆုတောင်း

ချစ်သောသားထွေးလေး မောင်သန့်ညီလွင်၏ တစ်နှစ်ပြည့်မွေးနေ့ ၃၀-၉-၂၀၀၆ ရက်မှသည် သက်ဆုံးတိုင် မွေးနေ့ပေါင်းများစွာကို ဖေဖေ၊မေမေ၊ ကိုကိုတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေ- ဗိုလ်မှူးသင်းလွင်(ငြိမ်း) တိုင်းရောင်းဝယ်ရေးအရာရှိ (ကယား၊ရှမ်း)
မေမေ- ဒေါ်ခင်ဆွေဝင်း(ကထိက-ငြိမ်း) မြန်မာစာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်
ကိုကို - သန့်ဦးလွင်(ခ)ဖိုးသား။

FAME
ဆယ်ပင်အားဆေး
Completec®
0608 Y 07554
Complete natural antioxidant formula

ဂုဏ်ယူဝမ်းမြောက်ခြင်း

DG ကိုယ်တိုက်ဆပ်ပြာမှုနှစ်၏ ရွှေရောင်ခရီးစဉ် အစီအစဉ်တွင် ထိုင်းနိုင်ငံသို့ သုံးညအိပ် လေးရက်ခရီးလည်ပတ်ခွင့် ရရှိခဲ့ကြသော ဖော်ပြပါ ကိုယ်စားလှယ်တော်ကြီးများနှင့် ကုန်သည်ကြီးများကို Dragon Group Company Limited. (DG ဆပ်ပြာမှုန့်) မှ အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

၁။ ဦးတင်ဝင်း (မင်္ဂလာဈေး ရန်ကုန်မြို့)
၂။ ဦးချစ်ဝင်း (ညောင်ပင်လေးဈေး ရန်ကုန်မြို့)
၃။ ကိုမောင်မောင် (မင်းဘူးမြို့)
၄။ ကိုသော်ဇင်အောင် (ချောက်မြို့)
၅။ မသောက်သောက်အေး (တရုတ်ကလေး - သထုံမြို့)
၆။ ကိုအောင်အောင် (ဦးချိုအေး - တစ်ဆင့်ဖြန့်ချိရေးကိုယ်စားလှယ် - တောင်ကြီးမြို့)
၇။ ဒေါ်တင်တင်ခိုင် (တစ်ဆင့်ဖြန့်ချိရေးကိုယ်စားလှယ် - ချောင်းဦးမြို့)
၈။ ဦးစိန်အောင် (တစ်ဆင့်ဖြန့်ချိရေးကိုယ်စားလှယ် - ကွမ်းခြံကုန်းမြို့)

၁။ ဦးမောင်လေး (ဈေးချို - မန္တလေးမြို့)
၂။ ဦးမောင်မောင်ဌေး (အောင်မိတ် ဈေးချို - မန္တလေးမြို့)
၃။ ဦးစင်မောင်သန်း (မချိုအေး - မြစ်ကြီးနားမြို့)
၄။ ဒေါ်တင်မိုးခိုင် (နန်းထိုက် - မိုးကောင်းမြို့)
၅။ ဒေါ်နန်းအေးရင် (ရွှေ ဇတိုး - မူဆယ်မြို့)
၆။ ဦးမောင်မောင်ကြည် (ဒေါ်ခင်မီ - တစ်ဆင့်ဖြန့်ချိရေးကိုယ်စားလှယ် - မုံရွာမြို့)
၇။ ဦးကျော်ကျော်လေး (တစ်ဆင့်ဖြန့်ချိရေးကိုယ်စားလှယ် - မူဆယ်မြို့)
၈။ ဦးအာနည်တွန်း (ဗိုလ်ဘုရား - အထွေထွေ ရောင်းဝယ်ရေး - တစ်ဆင့်ဖြန့်ချိရေး ကိုယ်စားလှယ် - ချောက်ကွေးမြို့)

DG Dragon Group Company Limited.

ဆုချီးမြှင့်

တာမွေမြို့နယ် အမက(၈) မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၃ရက်က ကျင်းပရာ စတုတ္ထတန်း ပထမဆုရ မချောနန္ဒာမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေက ဆုချီးမြှင့်စဉ်။ (၁၁၅)

ပုဇွန်တောင် အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆မှ၁၉၈၂ခုနှစ်အထိ ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာ ဆရာမများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ဆရာဦးလှဖေ ဖုန်း- ၆၆၆၄၁၇၊ ဆရာမဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမဒေါ်ခင်အေးမြ ဖုန်း- ၀၉- ၅၁ ၂၄၃၄၇၊ ဦးအောင်ခင် ဖုန်း-၀၉-၅၀ ၀၀၇၅၀၊ ဦးထွန်းဇော် ဖုန်း-၅၇၂၂၈၈၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၃၅၊ ဦးအောင်ဝင်း ဖုန်း- ၀၉-၅၀ ၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း- ၀၉-၅၀ ၀၄၃၇၁နှင့် ဒေါ်ခင်မမ ဖုန်း- ၀၉-၅၁ ၂၇၇၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

စုပေါင်းမဟာဘုံကထိန်နှင့် ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၉

မိုးကုတ်ဝိပဿနာ ရာသက်ပန်အမြဲတမ်းတရားစခန်းရိပ်သာကြီး၊ ပဲခူးတိုင်း အုတ်ဖိုမြို့ ကျွန်းကုန်းကျေးရွာတွင် စုပေါင်းမဟာဘုံကထိန်ပွဲကြီးကိုသီတင်းကျွတ်လပြည့်ကျော် ၄ ရက် မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချအထိမ်းအမှတ်အဖြစ် ကျင်းပမည်ဖြစ်ပြီး အထူးခုနစ်ရက်တရားစခန်းပွဲကို သီတင်းကျွတ်လပြည့်ကျော် ၄ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းမိုးကုတ်သာသနာပြုအရှင်ပညိန္ဒာဓိဝံသမှ ဟောကြားပြသမည်ဖြစ်၍ မိုးကုတ်ယောဂီသူတော်စင်များ ဖုန်း-၀၅၃-၂၀၄၃၂၊ ၀၅၃-၅၀၄၅၆နှင့် ၀၅၃-၅၀၆၄၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း တရားအားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

လှူဒါန်း

လသာမြို့နယ် ၁၈လမ်း အမှတ် ၄၆နေ ဒေါ်တင်မြင့်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံရယူစဉ်။ (က-ပ)

ချမ်းမြေ့ရိပ်သာကျောင်း ဘုံကထိန်သင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

ချမ်းမြေ့ရိပ်သာကျောင်း၏အကြိမ်(၃၀)မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အမှတ်-၅၅(က) ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာကျောင်းတွင် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) အောက်တိုဘာ ၁၅ရက် (တနင်္ဂနွေနေ့)တွင် ဝေယျာဝစ္စအဖွဲ့က ဦးဆောင်ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၈နာရီမှစတင်၍ ပင့်သံဃာအပါး ၁၂၀ တို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းဆက်ကပ်ကြမည်ဖြစ်ပြီး အလှူရှင်များကိုယ်တိုင် လှူဖွယ်ပစ္စည်းများ ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့ ဩဂုတ် ၂၈ရက်က ဖန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းအလှပင်ပျိုးဥယျာဉ် ထူထောင်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စက်တင်ဘာ ၇ရက်က မြို့ရှောင်လမ်းရှိ ဖန်ခါးမြေဂေါက်ကလပ်ကြားရှိ မြေ၅၂ ဧကတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်နေမှုကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံတွင် ခရစ်ယာန်၊ မူဆလင်နှင့်ဟိန္ဒူဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်များရရှိသည့် ဘာသာရေးဆိုင်ရာပွဲတော်များ ကျင်းပခွင့်၊ စာအုပ်နှင့်ပြက္ခဒိန်များ ထုတ်ဝေခွင့်များကို ညီတူညီမျှရရှိ ပြည်တွင်း၌ သက်ဝင်ယုံကြည်မှုအတိုင်း ကိုးကွယ်ခွင့်၊ ဆောင်ရွက်ခွင့်ရသကဲ့သို့ ပြည်ပတွင်လည်း သက်ဆိုင်ရာဘာသာရေးအခမ်းအနားများ တက်ရောက်ခြင်း၊ ဘုရားဖူးသွားခြင်းများ ခွင့်ပြုထား အခြေအမြစ်မရှိသော အချက်အလက်များအပေါ် အခြေခံကာ သတ်မှတ်ဆုံးဖြတ်ထားသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒီမိုကရေစီလူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရိုမှ ထုတ်ပြန်ခဲ့သည့် "၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ" ကို လုံးဝပယ်ချ

နေပြည်တော် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့်ထုတ်ပြန်လိုက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❒

မြန်မာနိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ရှိပြီး အစိုးရအနေဖြင့် ဘာသာမတူ သက်ဝင်ယုံကြည်သူများ သဟဇာတဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဘာသာဝင်များအကြား သဟဇာတရှိခြင်းသည် မြန်မာ့လူမှုစရိုက်လက္ခဏာအဖြစ် အများကအသိအမှတ်ပြုလက်ခံထားကြသည်။ မြန်မာနိုင်ငံ၏ ဘာသာရေးလွတ်လပ်ခွင့်ကို ဖော်ညွှန်းနေသော ရန်ကုန်မြို့လယ်မှ ဘာသာရေးဆိုင်ရာ အဆောက်အအုံအချို့၏ ယှဉ်တွဲတည်ရှိနေမှု မြင်ကွင်းတစ်ခုကို ဤသို့တွေ့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီကျွန်ဘဝရောက်အောင်လုပ်ဆောင်နေသည့် NLD ဟု ရှေးမီနောက်မီပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသမားများနှင့် ပြည်သူများက ဝေဖန်သုံးသပ်

ရန်ကုန် စက်တင်ဘာ ၂၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ တည်ထောင်သည့် (၁၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ NLDဌာနချုပ်၌ စက်တင်ဘာ၂၇ရက် မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိကျင်းပခဲ့ရာ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ အုပ်စုအမည်ခံ နိုင်ငံရေးသမားဟောင်းများ၊ (၈၈)မျိုးဆက်အမည်ခံ ကျောင်းသားဟောင်းများ၊ ဖျက်သိမ်းပြီး နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ သံတမန်များလည်း တက်ရောက်ခဲ့ကြပြီး အခမ်းအနားမစတင်မီ ဌာနချုပ်ရုံးအပြင်ဘက်၌ NLD ပါတီဝင် ၁၀၀ခန့်က စာတန်းများကိုင်ဆောင်ပြီး အော်ဟစ်ကြွေးကြော်ခဲ့ကြောင်း တွေ့ရှိရသည်။

ထို့အတူ အမေရိကန်နိုင်ငံခြားရေးဌာနကလည်း စက်တင်ဘာ၂၆ရက်နေ့စွဲဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး NLD ၏နှစ်ပတ်လည်နေ့တွင် NLD အား ဆက်လက်ထောက်ခံအားပေးကြောင်း၊ NLDနှစ်ပတ်လည်နေ့သည် လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအရေးကို ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ချိန်နှင့် တိုက်ဆိုင်ကိုက်ညီလျက်ရှိကြောင်း၊ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် မြန်မာ့ပြည်တွင်းရေးတွင် ၎င်းတို့ဝင်ရောက်စွက်ဖက်လျက်ရှိသည့် အနေအထားများကို ပြောင်ပြောင်တင်းတင်း ဖော်ပြခဲ့ကြောင်း ဖတ်ရှုလိုက်ရသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●